# ကြေးမုံ The Mirror

၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၇၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၂ ရက်၊ တနင်္ဂနွေနေ့ (26-5-2013) (၇၄၉၂)


သီလဝါအထူးစီးပွားရေးဇုန်သည် မြန်မာနိုင်ငံ၏ ပထမဦးဆုံး အထူးစီးပွားရေးဇုန်ဖြစ်သကဲ့သို့ မြန်မာ - ဂျပန် အစိုးရချင်း၊ ပုဂ္ဂလိကချင်း နှစ်ဦးနှစ်ဖက်တို့အတွက် အလားအလာကောင်းမွန်သော စီမံကိန်းတစ်ခုဖြစ်ပြီး မြန်မာနိုင်ငံအတွက် အလုပ်အကိုင်အခွင့်အလမ်းနှင့် နည်းပညာများ၊ ရင်းနှီးမြှုပ်နှံမှုများကို ရရှိမည်

## ယနေ့ မာတိကာ


**ပါကစ္စတန်တွင် ကျောင်းကားတစ်စီး မီးလောင်ပေါက်ကွဲ ကလေးငယ် ၁၈ ဦး သေဆုံး**

စာမျက်နှာ ၄

**စပိန်နှစ်သင်း၏ ကမ်းလှမ်းမှုကို ဘာရာဇီး တိုက်စစ်မှူး နေမာလက်ခံ**

စာမျက်နှာ ၁၃


# သီလဝါစီမံကိန်း မြန်မာကုမ္ပဏီ ကိုးခုနှင့် ဂျပန်ကုမ္ပဏီ သုံးခု ပူးပေါင်းအကောင်အထည်ဖော်မည်

**နေပြည်တော် မေ ၂၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ရန်ကုန်မြို့၌ ချစ်ကြည်ရေးခရီး ရောက်ရှိနေသော ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးနှင့် ဇနီး မစ္စစ်အာကီအာဘေးတို့သည် အဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက် ၈ နာရီ မိနစ် ၄၀ တွင် ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်သို့ရောက်ရှိပြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား လွမ်းသူ့ပန်းခွေချ၍ အလေးပြုကြသည်။

ယင်းနောက် ဂျပန်နိုင်ငံဝန်ကြီးချုပ်၊ ဇနီးနှင့် အဖွဲ့သည် မြောက်ဥက္ကလာပမြို့နယ် ရေဝေးရှိ ဂျပန်သုသာန်သို့ ရောက်ရှိကြပြီး ဂျပန်နိုင်ငံဝန်ကြီးချုပ်နှင့် ဇနီးတို့က အဆိုပါ သုသာန်၌ မြှုပ်နှံထားသည့် ဂျပန်လူမျိုးများအား ဂုဏ်ပြုသည့်အနေဖြင့် လွမ်းသူ့ပန်းခွေချသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အတူ လိုက်ပါလာသောအဖွဲ့ဝင်များက အမွှေးတိုင်များ ထွန်းညှိပြီး ဂါရဝပြုကြသည်။

ယင်းနောက် ဂျပန်နိုင်ငံဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဂျပန်သုသာန်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးနှင့်အဖွဲ့သည် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် လက်ယက်စမ်းကျေးရွာရှိ လက်ယက်စမ်း အခြေခံပညာမူလတန်းလွန်ကျောင်းသို့ ရောက်ရှိကြရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဝင်းမော်နှင့် ကျောင်းသား ကျောင်းသူလေးများက ဂျပန်-မြန်မာနှစ်နိုင်ငံအလံငယ်များကို ဝှေ့ရမ်းပြီး လှိုက်လှိုက်လှဲလှဲကြိုဆိုကြသည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ❁**




**ဂျပန်ဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးနှင့်အဖွဲ့ သီလဝါဆိပ်ကမ်းအတွင်း ပင်လယ်ကူးသင်္ဘောကြီးများ ဆိုက်ကပ်ထားရှိမှုကို ကြည့်ရှုကြစဉ်။** (သတင်းစဉ်)

# ရန်ကုန်-မန္တလေး အမြန်လမ်း ယာဉ်မတော်တဆမှုမဖြစ်စေရန် ကွန်ကရစ်တုံးနှင့် အန္တရာယ်ကာကွယ်တန်းများတပ်ဆင်

**ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးသည် ရန်ကုန် အမှတ်(၃) လမ်းဆုံမှ မန္တလေးစကားအင်းအဝိုင်းအထိ လမ်းအရှည်မိုင်မှာ ၃၃၆ မိုင် သုံးဖာလုံရှိပြီး အလယ်ကျွန်းနှင့်တစ်ဖက်စီတွင် ၂၅ ပေအကျယ် ယာဉ်သွားလမ်းနှစ်လမ်းစီပါသော ကွန်ကရစ်ဖြင့်တည်ဆောက်ထားသည့် လေးလမ်းသွား ခွဲခြားလမ်းမကြီး (4 lane divided Highway) ဖြစ်သည်။**

ရန်ကုန် - နေပြည်တော်အပိုင်းကို ၂၅-၁၂-၂၀၀၉၊ နေပြည်တော်-မန္တလေးအပိုင်းကို ၂၉-၁-၂၀၁၀ နှင့် ၂၃-၃-၂၀၁၁ ရက်တို့၌ အများပြည်သူများ လွယ်ကူမြန်ဆန်စွာ သွားလာနိုင်ရေးအတွက် နိုင်ငံတော်က ဖွင့်လှစ်ပေးခဲ့ပြီး ဖြစ်သည်။

အမြန်လမ်းမကြီးကို ပဲခူးရိုးမကြီး၏ အရှေ့ဘက်ကပ်လျက် လယ်ယာမြေများအား အပျက်အစီး အနည်းဆုံးဖြစ်စေရန်နှင့် အင်း၊ အိုင်၊ မြစ်၊ ချောင်း၊ တောင်ကုန်းတောင်တန်းနှင့် အင်တောများ၊ မြေစေးများစသည့် မြေအမျိုးအစားအမျိုးမျိုးကို ဖို့ခြင်း၊ ဖြတ်ခြင်းများပြုလုပ်ပြီး တစ်ချိန်တည်းမှာပင် တံတားပေါင်း မြောက်မြားစွာပါဝင် **စာမျက်နှာ ၈ ကော်လံ ၁ သို့ ✳**



**သတင်းဆောင်းပါးနှင့် ဓာတ်ပုံ ခရမ်းစိုးမြင့်**

**ယာဉ်မတော်တဆဖြစ်ပွားပါက အရှိန်လွန်ပြီး တစ်ဖက်လမ်းကြောင်းသို့ ရောက်ရှိမသွားစေရန် လမ်းလယ်ကျွန်းကို ဤသို့ ကွန်ကရစ်တုံးများ ချထားကာရံနေစဉ်။**

## ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး လမ်းပိုင်းအလိုက် အကူအညီတောင်းခံနိုင်သည့် ဖုန်းနံပါတ်များ

| တည်နေရာ | အမည်အခေါ် | ဖုန်းနံပါတ် |
|---|---|---|
| မိုင် ၈၃/၅ စခန်း | မြို့ချောင်း | ၀၉-၄၉၈၁၉၂၃၀ |
| ယခင် G.E တပ်ရှင်းလင်းဆောင်၊ မိုင် ၈၆/၅ | အောင်မြေကုန်း | ၀၉-၄၉၃၃၆၃၇၀ |
| မိုင် ၁၀၅/၆ စခန်း | ကွင်းချောင်း | ၀၉-၅၁၆၂၁၇၅<br>၀၉-၈၆၁၁၂၄၀ |
| မိုင် ၁၄၄/၀ စခန်း | ၁၄၄ | ၀၉-၄၂၀၇၀၁၅၆၉ |
| မိုင် ၁၃၄/၂ စခန်း | ရွှေညောင်ပင် | ၀၉-၄၂၈၁၂၉၀၃၇ |
| မိုင် ၁၄၁/၃ စခန်း | ရေလှျံ | ၀၉-၄၉၁၅၅၄၁၈<br>၀၉-၄၃၀၂၁၀၀၆ |
| ရွာသစ် ၁၅၄/၀ မိုင် စခန်း | ရွာသစ် | ၀၉-၄၉၁၅၅၄၁၈<br>၀၉-၄၃၀၂၁၀၀၆ |
| မိုင် ၁၇၆/၀ စခန်း | သာဂရ | ၀၉-၄၉၂၀၇၀၅၁ |
| ကရင်လယ်ကျင်း ၁၇၉/၂ | ကရင်လယ်ကျင်း | ၀၉-၄၉၂၈၁၇၀၂ |
| ရေပြာစခန်း | ရေပြာ | ၀၉-၉၁၀၀၇၂၆၅ |

**(ဆက်လက်ဖော်ပြပါမည်)**




**ကြေးမုံ စာတည်းရှုထောင့်** — ၂၆-၅-၂၀၁၃၊ တနင်္ဂနွေနေ့

# အယုတ်၊ အလတ်၊ အမြတ်

ဝန်းကျင်လောကတွင် အချို့က အတိတ်၏လောင်းရိပ်အောက်မှ ရုန်းမထွက်နိုင်ကြသူများ၊ တချို့ အနာဂတ်ကို မျှော်လင့်လျက် ပစ္စုပ္ပန်ကို မေ့နေတတ်ကြသူများ၊ အချို့ဆိုလျှင် ပစ္စုပ္ပန်တည့်တည့်နေကြသူများဟူ၍ သုံးမျိုးသုံးစား တွေ့ရပါသည်။

ထိုသုံးမျိုးသုံးစားတွင် လူအများစုသည် လက်ရှိပစ္စုပ္ပန်၊ မိမိ၏ဥစ္စာအမှန်ရွှေကာလကို တန်ဖိုးမထား ဥပေက္ခာပြုမေ့ထားတတ်ကြသည့် ထိုလောကတွင် အတိတ်၏ အတုတ်အနှောင် နှောင်ကြိုးမှ ရုန်းမထွက်နိုင်သူက အများဆုံးဟု ထင်မြင်မိသည်။ အနာဂတ်စိတ်ကူးယဉ်နယ်ပယ်သို့ လျှောက်လှမ်းနေကြသူများလည်း မနည်းပါ။

ပစ္စုပ္ပန်တည့်တည့်ကံသုံးပါးလုံးတွင် သတိသမ္ပဇဉ်ဉာဏ်အမြင်နှင့် ယှဉ်လျက်နေတတ်ကြသူများ ရှိကားရှိသည်။ ရှားပေလိမ့်မည်။ မိမိတို့သည် လူတစ်ဦး၊ လူတစ်စုအဝန်းအဝိုင်းတစ်ခုနှင့် ဆက်နွှယ်ရသည့်အခါ ကိုယ်တိုင်ထိတွေ့ကြုံသိထားသော ခံစားချက်များနှင့် ကံသုံးပါးအမူပြုမူတတ်ကြသည်။

မိမိအပေါ် မကောင်းခဲ့သူများနှင့်တွေ့လျှင် ကောင်းကောင်းမဆက်ဆံချင်ကြ။ မြင်လိုက်သည်နှင့် ဟန်မဆောင်နိုင်လောက်အောင် မျက်နှာကြောတင်း ရုပ်ပျက်ဆင်းပျက်ဖြစ်သွားတတ်ကြသည်။ ခင်မင်မှုအရင်းခံရှိခဲ့သူများ တွေ့လျှင်ကား ဖက်လဲတကင်း လှိုက်လှဲဝမ်းသာချိုမြစွာ ဆက်ဆံတတ်ကြသည်။ မကျေနပ်မှုဆိုလျှင် မိမိတို့ရင်မှာ သိုလှောင်ထားတတ်ကြသည်။ အမြဲမပြတ်လောင်ကျွမ်းနေသော မမြင်ရသည့် ရင်ထဲမှ မီးနှင့်ဆက်နွှယ်သူတစ်ဖက်လူ ကာယကံရှင်ကား မည်သို့ရှိနေလိမ့်မည်ကို သိချင်မှ သိလိမ့်မည်။

ကိုယ်တိုင်ကား မောဟအမှောင်တိုက်မှာ လောဘ၊ ဒေါသ၊ အာဃာတများ အားကောင်းမောင်းသန် ရှင်သန်နေတတ်သည်။ လက်စားချေတုံ့ပြန်လိုက်ရမှ နေသာထိုင်သာရှိတတ်ကြသည့် လောင်းရိပ်မိမျက်စိစုံလုံးကန်းနေကြသူများပမာပင်။

တချို့ကား သစ်လွင်တောက်ပလာမည့် မနက်ဖြန်ပေါင်းများစွာကို မျှော်လင့်ရင်းအနာဂတ်လွင်ပြင်ထဲ တိုးဝင်နေကြသူများကို သူများထက်ထူးအရူးတွေဟု တချို့က သမုတ်တတ်ကြသည်။ သို့သော်လောင်းရိပ်မိနောက်ကြောင်းပြန်နေကြသော မြင်ပါလျက်ကန်းနေကြသည့် လူများထက် အဆပေါင်းမြောက်မြားစွာ ကွာခြားသည်။ မနှိုင်းယှဉ်စကောင်းပါ။ ယနေ့မျက်မှောက်ကာလနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှု မိမိတို့အဆင်သင့်သုံးစွဲနေရမှုဟူသမျှသည် အနာဂတ်ကာလသို့ ကြိုတင်တိုးဝင်ခရီးနှင်ခဲ့ကြသူများ၏ အတွေးအိပ်မက်ရလဒ်ကောင်း အသီးအပွင့်များသာ ဖြစ်ပါသည်။

အတိတ်လောင်းရိပ်မိရုန်းမထွက်နိုင်သူများကို လူဖြစ်ရှုံးသူများဟု သမုတ်လျှင် အနာဂတ်ခရီးနှင်နေကြသူများကိုကား ကိုယ်ကျိုးစွန့်အနစ်နာခံကြသူ လူတော်လူမွန်များဟု တင်စားနိုင်ပါသည်။

ပစ္စုပ္ပန်တည့်တည့်မှာနေ ခဏိကဝါဒီများသည်ကား ကာလသုံးပါး၊ ကံသုံးပါးလုံးတွင် ဉာဏ်လျှင် ရှေ့သွားပြုလျက် ဉာဏ်သတိနှင့်ယှဉ်ပြုမူကျင့်ကြံနေထိုင်တတ်ကြသူများဖြစ်သည်။ အချိန်တိုင်း၊ နေရာတိုင်းမှာ မိမိရော ဝန်းကျင်အဝှမ်း ငြိမ်းချမ်းမှုအတိရှိနေသူများ၊ ရှိစေသူများ။

'ဖြစ်-တည်-ပျက်' လောကနိယာမ၊ မမြဲသောသဘောအနိစ္စ၊ အတောမသတ်လည်ပတ်နေသော ဘဝသံသရာ၊ သာမန်မံသမျက်စိနှင့် ရှုမြင်မစွမ်းနိုင်ပါ။ လောကကိုရှုမြင်နိုင်စွမ်းသော အလင်း(ဥဒပါဒ်)ငါးမျိုးကို ရှင်တော်ဗုဒ္ဓက 'စက္ခု၊ ဉာဏ၊ ပညာ၊ ဝိဇ္ဇာ၊ အာလောကော' ဟူ၍ အဆင့်ဆင့်ကန့်သတ်ချက်နှင့် ခွဲခြားညွှန်ပြခဲ့သည်။ မိမိတို့အတွက် အရာရာကို ရှုမြင်သုံးသပ်၊ အနေတတ်မှအသေမြတ်ပါလိမ့်မည်။ ကိုယ်တိုင်လျှောက်ရမည့်လမ်း၊ ကိုယ်တိုင်ရွေးချယ်လမ်းကြောင်း မှန်နိုင်ကြစေရန် ကြေးမုံက ဆန္ဒပြုလိုက်ပါသည်။ ။



ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အာမခံကြီးကြပ်ရေးအဖွဲ့မှ ပုဂ္ဂလိက အာမခံကုမ္ပဏီများသို့ လုပ်ငန်းလိုင်စင်ပေးအပ်ပွဲကို မေ ၂၅ ရက် နံနက် ၁၀ နာရီတွင် မြန်မာ့အာမခံလုပ်ငန်းရုံးချုပ်ခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်း ပုဂ္ဂလိကအာမခံလုပ်ငန်း လိုင်စင်ပေးအပ်ရာ အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇ အာမခံလုပ်ငန်း၏ ဒါရိုက်တာ ဒေါ်နန်းခမ်းနောင် လက်ခံရယူစဉ်။ (ကြေးမုံ)

## ကျန်းမာရေးအတွက် ICCG အဖွဲ့က စက်ပစ္စည်းများလှူဒါန်း

**နေပြည်တော် မေ ၂၅**

အပြည်ပြည်ဆိုင်ရာယဉ်ကျေးမှု ဖလှယ်ရေးအဖွဲ့ (International Cultural and Charity Group) က အင်းလေးပိုးထည် ဖက်ရှင်ပြပွဲကျင်းပ၍ ရရှိသောရန်ပုံငွေများကို ဗဟိုအမျိုးသမီးဆေးရုံကြီး (ရန်ကုန်)တွင် လမစေ့သော မွေးကင်းစကလေးများ ပြုစုစောင့်ရှောက်ရာတွင် လိုအပ်သည့် စက်ပစ္စည်းများအတွက် ငွေကျပ်သိန်းသုံးရာကျော်တန်ဖိုးရှိ စက်ပစ္စည်းများကို မေ ၁၄ ရက်က လှူဒါန်းခဲ့ပြီး မန္တလေးမြို့ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်မှ ပါရဂူများက နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ကလေးများ ခွဲစိတ်ကုသမှုအတွက် ငွေကျပ်သိန်းတစ်ရာနှင့် ခွဲစိတ်ကိရိယာများကို မကြာမီလှူဒါန်းသွားမည် ဖြစ်သည်။

ICCG အဖွဲ့သည် သံအမတ်ကြီးများ၏ဇနီးများ၊ ကုလသမဂ္ဂဌာနေကိုယ်စားလှယ်များ၏ဇနီးများနှင့် မြန်မာအမျိုးသမီးအိမ်ရှင်မများ ပါဝင်ဖွဲ့စည်းထားသော အဖွဲ့ဖြစ်ပြီး လိုအပ်သောပုဂ္ဂိုလ်နှင့်အဖွဲ့အစည်းများအတွက် ရန်ပုံငွေရှာ၍ လှူဒါန်းလျက်ရှိကြောင်းသိရသည်။

(သတင်းစဉ်)

သင့်စီးပွားရေး တိုးတက်အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့




အနာဂတ်အခွင့်အလမ်းများအတွက်
chance
မကြာမီပရိသတ်လက်ထဲရောက်လာတော့မည်။
Tel: 09 450044405, 09 450044406
Email: chance.mm12@gmail.com



ပြည်တွင်းရေးရာ

# မန္တလေးမြို့တည် နန်းတည်သတ္တဌာန၏ သုံးဌာနအုတ်မြစ်စီ ပြန်လည်တည်ဆောက်မည်

နေပြည်တော် မေ ၂၅

မန္တလေးမြို့တည် နန်းတည် သတ္တဌာန(ခုနစ်ဌာန)အနက် သုဓမ္မာသံဃသဘာရွှေကျောင်းတော်ကြီး၊ မဟာပဌာန်းဟောရွှေသိမ်တော်ကြီး၊ ပိဋကတ်တိုက်တော်ကြီးနှင့် သုဓမ္မာကျောင်းတော်ကြီးတို့ကို ပြန်လည်တည်ဆောက်ရန် အုတ်မြစ်စီအခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် အောင်မြေသာစံမြို့နယ် ကျောက်တော်ကြီးဘုရား အရှေ့မုခ် မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်နှင့်ဇနီး၊ အလှူရှင်မိသားစုနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြပြီး ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် အုတ်မြစ်စီ အခမ်းအနားကို ကျင်းပရာ နိုင်ငံတော် ဩဝါဒစရိယ ဆရာတော်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့်ဇနီး၊ အလှူရှင် မိသားစုများက သတ်မှတ်နေရာများ၌ အုတ်မြစ်များစီပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မြန်မာယူ-၂၃ အသင်း ခြေစမ်းပွဲများကစားမည်

သတင်းနှင့် ဓာတ်ပုံ - ရှိုင်းထက်ဇော်

ရန်ကုန် မေ ၂၅

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကို ယှဉ်ပြိုင်ရန်အတွက် မြန်မာယူ-၂၃ ဘောလုံးအသင်းသည် မေ ၂၁ ရက်မှစ၍ စခန်းဝင်လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိသည်။

မြန်မာယူ-၂၃ အသင်းကို လက်ရှိတွင် ပဏာမကစားသမား ၃၀ ဦးဖြင့် ဖွဲ့စည်းထားပြီး ပထမဆုံးပြုလုပ် သည့် လေ့ကျင့်မှုကာလတွင် ခြေစမ်းပွဲလေးပွဲယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မေ ၂၆ ရက် (ယနေ့)တွင် တောင်ကြီးမြို့၌ MNL ညွှန့်ပေါင်းအသင်းနှင့် စတင်ကစားမည်ဖြစ်ပြီး နိုင်ငံတကာ ခြေစမ်းပွဲ သုံးပွဲထပ်မံ ကစားမည်ဖြစ်သည်။ ဇွန် ၄ ရက်တွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ စင်ကာပူလက်ရွေးစင်အသင်း၊ ဗီယက်နမ်နိုင်ငံတွင် ဇွန် ၉ ရက်၌ V-League ထိပ်သီးကလပ် ဒေါင်ဒိုင်းအသင်း၊ ဇွန် ၁၁ ရက်၌ ဗီယက်နမ် ယူ-၂၃ အသင်းတို့နှင့် ထပ်မံခြေစမ်းကစားမည်ဖြစ်သည်။

မြန်မာယူ-၂၃ အသင်းနှင့် MNL ညွှန့်ပေါင်းအသင်းတို့၏ ခြေစမ်းပွဲကို ယနေ့ညနေ ၄ နာရီတွင် တောင်ကြီးမြို့ရှိ KBZ ကွင်း၌ ခြေစမ်းကစားမည်ဖြစ်သည်။ MNL ညွှန့်ပေါင်းအသင်းမှာ ဂိုးသမားနှစ်ဦးမှလွဲ၍ နိုင်ငံခြားသားကစားသမားများဖြင့် ဖွဲ့စည်းထားသည့်အသင်း ဖြစ်သည်။ ခြေစမ်းပွဲ မစတင်မီ နိုင်ငံကျော် အနုပညာရှင်များက တေးသီချင်းများဖြင့် ဖျော်ဖြေမည်ဖြစ်ပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နာယက ဦးအောင်ကိုဝင်းက အနိုင်ရသောအသင်းအား ကျပ်သိန်း ၁၀၀၊ ရှုံးနိမ့်သော အသင်းအား ကျပ်သိန်း ၅၀ ချီးမြှင့်သွားမည်ဖြစ်သည်။



မြန်မာယူ-၂၃ ဘောလုံးအသင်း စခန်းဝင်လေ့ကျင့်လျက်ရှိသည်ကို တွေ့ရစဉ်။

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၆-၅-၂၀၁၃ (တနင်္ဂနွေနေ့)

| | |
|---|---|
| ၆း၀၀ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် (ဒါရိုက်တာ-ကျော်ဇောလင်း) |
| ၇း၂၀ | မဟောသဓာ (အပိုင်း-၂၄) |
| ၉း၂၀ | “ကမ္ဘောဇတစ်ခွင် ဘုရားဖူးခရီးစဉ်” |
| ၉း၅၀ | နိုင်ငံခြားဇာတ်လမ်းတွဲ ‘ ‘ နေရောင်အောက်ကသတို့သမီး” (ဒုတိယတွဲ) (အပိုင်း-၆) |
| ၁၂း၃၅ | မြန်မာဗီဒီယိုဇာတ်လမ်း “အဖေနှင့်သမီးများ” (လူမင်း၊ နဝရတ်၊ ပြည့်ဖူးခိုင်၊ အေးမြတ်သူ၊မေသက်ခိုင်) |
| ၅း၁၅ | ဆိုကြမယ်၊ ပျော်ကြမယ် |
| ၆း၂၀ | ကာတွန်းအစီအစဉ် “လီယိုကိုလျှို့ဝှက်သင်္ကေတ” |
| ၆း၅၀ | နိုင်ငံခြားဇာတ်လမ်းတွဲ “နေရောင်အောက်ကသတို့သမီး” (ဒုတိယတွဲ) (အပိုင်း-၇) |
| ၈း၀၀ | ပြည်တွင်းသတင်း -တစ်မျက်နှာတစ်ကွက်စာ “ချစ်ဝက်ပါ” (ကောင်းပြည့်၊ မာရီနာ) (ဒါရိုက်တာ-မေတင် (MMG)) |

# စီမံခန့်ခွဲရေးဝန်ထမ်းအဆင့်(၁) လုပ်ငန်းခွင်ဝင်သင်တန်းအမှတ်စဉ် (၁/၂၀၁၃)ဆင်း

ရန်ကုန် မေ ၂၅

ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စီမံခန့်ခွဲရေးဝန်ထမ်း အဆင့်(၁) လုပ်ငန်းခွင်ဝင်သင်တန်း အမှတ်စဉ်(၁/၂၀၁၃) ဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှု သင်တန်းကျောင်း၌ ကျင်းပရာ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလှအောင်က အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းသို့ စီမံခန့်ခွဲရေးဝန်ထမ်းအဆင့်(၁) သင်တန်းသား ၈၁ဦး တက်ရောက်ပြီး ရက်သတ္တ လေးပတ်ကြာမြင့်ခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

# ပြည်ပဝယ်လက်များကြောင့် မွေးမြူရေးအစာဈေး အချိန်မတိုင်မီ မြင့်မားနေ

ရန်ကုန် မေ ၂၅

ပြည်တွင်းဈေးကွက်သို့ ပြည်ပပို့ကုန်ဝယ်လက်များဆင်းကာ ဝယ်ယူကြခြင်းကြောင့် ဈေးမြင့်ရမည့် အချိန်ကာလမဟုတ်ဘဲ ဈေးမြင့်နေကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်က ပြောသည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံတစ်ခုဖြစ်သည့် အားလျော်စွာ စိုက်ပျိုးရေးဘေးထွက်ပစ္စည်းများကို မွေးမြူရေးအစာကုန်ကြမ်းအဖြစ် သုံးစွဲကြကြောင်း၊ ယခုကာလသည် နွေစပါးပေါ်နေသော ကာလဖြစ်ခြင်းကြောင့် ဈေးကွက်တွင် ဖွဲနုများ ပေါများစွာရှိတတ်သော်လည်း ပြည်ပဝယ်လက်များကြောင့် ဖွဲနုရှားပါးသလိုဖြစ်ကာ ဈေးနှုန်းများလည်း မြင့်လာကြောင်း သိရသည်။

“သူ့အချိန်ကာလမဟုတ်ဘဲနဲ့ ဈေးမြင့်နေတာ၊ ငါးသမားတွေကဝယ်တာကြောင့် မဟုတ်ဘဲနဲ့ မူဆယ်ဘက်ကနေ အိမ်နီးချင်းနိုင်ငံတစ်ခုကို ပို့တဲ့ဝယ်လက်သမားတွေက လိုက်ဝယ်နေလို့ ဈေးတက်တာ။ ဖွဲနုတစ်မယ်တည်းမဟုတ်ဘူး။ ပြောင်းနဲ့ ဆန်ကွဲတို့လည်းပါတယ်”ဟု ၎င်းက ရှင်းပြသည်။

မွေးမြူရေးအစာကုန်ကြမ်းတွင် မြန်မာနိုင်ငံအထက်ပိုင်းရှိ မန္တလေး၊ စစ်ကိုင်း စသောဒေသများ၊ ပဲခူးတိုင်းဒေသကြီးများမှ ဖွဲနုများနှင့် စိုက်ပျိုးရေးဘေးထွက်ပစ္စည်း တိရစ္ဆာန်အစာ ကုန်ကြမ်းများသည် မြန်မာနိုင်ငံ အောက်ပိုင်းသို့နှစ်စဉ် စုန်ဆင်းလာလေ့ရှိသော်လည်း ယခုနှစ်တွင် အဆိုပါ ပြည်ပတင်ပို့သောဝယ်လက်များကြောင့် စုန်ဆင်းမလာသည့်အပြင် သထုံ၊ ဘီးလင်း၊ ကျိုက်ထို၊ ဘားအံဒေသမှ ဖွဲနုများနှင့် မြစ်ဝကျွန်းပေါ်ဒေသထွက်များပင်လျှင် အထက်ပိုင်းသို့ ပြန်ဆန်တက်နေကြောင်း သိရသည်။

“ကားလမ်းမပေါက်တဲ့ လပွတ္တာ၊ ဝါးခယ်မ၊ ဘိုကလေး၊ အိမ်မဲစတဲ့ ဒေသထဲက ရွာတွေမှာတောင် လိုက်ဝယ်နေတယ်”ဟု ၎င်းက ဆက်လက်ပြောသည်။ သင်္ကြန်အပြီးကာလက ဖွဲနုတစ်ပေါင်လျှင် ငွေ ၇၀မှ ၇၃ ကျပ်ကြားရှိရာမှ နှစ်လခွဲသုံးလနီးပါးကြာမြင့်သော ယခုကာလတွင် ဖွဲနုတစ်ပေါင်လျှင် ငွေ ၁၀၀ ကျပ်နီးပါးဖြစ်လာကြောင်း၊ ယင်းနှုန်းထားသည် ဖွဲနုရှားပါးသောကာလတွင် ဖြစ်ပေါ်တတ်သည့်ဈေးနှုန်းအခြေအနေသို့ပင် ရောက်နေကြောင်း၊ ပြည်တွင်း မွေးမြူရေးလုပ်ငန်းများက ဖွဲနုကို တစ်ပေါင်လျှင် ပေါက်ဈေး ကျပ် ၉၀ မှ ၁၀၀ ကြားပေးကာဝယ်သော်လည်း အိမ်နီးချင်းနိုင်ငံသို့တင်ပို့မည့် ဝယ်လက်များက တစ်ပေါင်လျှင် ၁၂၅ ကျပ်မှ ၁၂၇ ကျပ်ကြား ဈေးပေးဝယ်ယူခြင်းကြောင့် တောင်သူများအနေဖြင့် ဈေးပိုပေးသည့် ဝယ်ယူသူထံသို့ ရောင်းချကြခြင်း ဖြစ်သည်။

“တောင်သူတွေဈေးပိုရလို့ရောင်းတာဟာ နောက်ဆက်တွဲသက်ရောက်မှုကအများကြီးပဲ၊ ဒီတောင်သူတွေကပဲ သား၊ ငါးတွေကိုဈေးကြီးပေး ပြန်ဝယ်စားရတဲ့ အခြေအနေမျိုးဖြစ်လာရင် ဒါဟာ မဖြစ်သင့်တဲ့ကိစ္စပါပဲ။ အခုလိုမွေးမြူရေးအစာဈေးမြင့်တဲ့ နောက်ဆက်တွဲအကျိုးဆက်အနေနဲ့ ပြည်သူတွေ သား၊ ငါးစားတဲ့အခါ ဈေးကြီးပေးဝယ်စားရတဲ့အခြေအနေမျိုး ဖြစ်လာနိုင်တယ်” ဟု မြန်မာနိုင်ငံ ငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ထိုပြည်ပဝယ်လက်များက ဝယ်ယူတင်ပို့နေခြင်းသည် တရားမဝင် တင်ပို့ကြခြင်း ဖြစ်သည်ကို သတင်းရလာခြင်းကြောင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်က အမျိုးသား အကျိုးစီးပွားကို ရှေးရှုပြီး ဟန့်တားလုပ်ဆောင်ပေးရန် တိုင်ကြားတင်ပြထား ကြောင်း သိရသည်။

ထိုသို့ ဖွဲနုဈေးမြင့်လာခြင်းသာမက ပြောင်းနှင့် ဆန်ကွဲများလည်း ဈေးမြင့်လာပြီး ပြောင်းမှာ ယခင်က ၄၀၀ ကျပ်မှ ၄၁၅ ကျပ်သာ ရှိရာမှ ယခု ၄၂၅ ကျပ်နှင့် ဆန်ကွဲမှာလည်း ယခင်က ဆန်ကွဲ (တူးသရီးဖိုး) တစ်အိတ်လျှင် ကျပ် ၉၅၀၀ သာရှိရာမှ ယခု ကျပ် ၁၀၀၀၀ မှ ကျပ် ၁၂၀၀၀ ဝန်းကျင်သို့ မြင့်မားလာလျက်ရှိကြောင်း သိရသည်။ (၆၈၀)

## မီးလောင်လျှင်

(က) ထွက်မပြေးပါနှင့်၊ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ။
(ခ) ကြိတ်မငြိမ်းသတ်ပါနှင့်၊ ပတ်ဝန်းကျင်သို့ အကူအညီတောင်းပါ။
(ဂ) ဝိုင်းဝန်းကြိုးစား ငြိမ်းသတ်ပါ။
(ဃ) မီးသတ်တပ်ဖွဲ့နှင့် လုပ်သားပြည်သူများ အချိန်မီပူးပေါင်းငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီးမဖြစ်နိုင်ပါ။ **မီးသတ်ဦးစီးဌာန**



# ခရီးသွားများအတွက် နယ်ခြားမြို့တစ်မြို့ မြောက်ကိုရီးယားဖွင့်ပေး

**ပေကျင်း မေ ၂၅**

ယခုနှစ် ဖေဖော်ဝါရီလအတွင်းက နျူကလီးယားစမ်းသပ်ဖောက်ခွဲမှုပြုလုပ်ခဲ့ခြင်းကြောင့် နိုင်ငံတကာနှင့် တင်းမာမှုများဖြစ်ပွားခဲ့သော မြောက်ကိုရီးယားနိုင်ငံ အာဏာပိုင်များက နယ်ခြားမြို့ ရှင်ရီဂျူကို အနောက်နိုင်ငံသားခရီးသွားဧည့်သည်များလာရောက်ရန် ဖွင့်လှစ်ပေးလိုက်ကြောင်း တရုတ်အခြေစိုက် ခရီးသွားလုပ်ငန်းများက ပြောကြားကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

ယင်းနယ်ခြားမြို့ ဖွင့်လှစ်ပေးခြင်းသည် နိုင်ငံခြားခရီးသွားများအနေဖြင့် လျှို့ဝှက်သိပ်သည်းသောနိုင်ငံအတွင်းသို့ နေ့ချင်းပြန်ခရီးများ သွားရောက်နိုင်ရန် လမ်းပွင့်သွားသည်။ မကြာမီတွင် စရိတ်ကုန်ကျမှုများပြားသော ရက်ရှည်ခရီးစဉ်များ၏နေရာတွင် နေ့ချင်းပြန် ခရီးစဉ်များကို ခွင့်ပြုရန် ကမ်းလှမ်းမှုများ ပြုလုပ်လာမည်ဟု ဆိုသည်။

မြောက်ကိုရီးယားနိုင်ငံသည် အဓိကအားဖြင့် ပြည်ပနိုင်ငံသားများ ဝင်ရောက်မှုကို ကျပ်တည်းစွာပိတ်ဆို့ထားပြီး အနောက်နိုင်ငံသားခရီးသွားများကိုလည်း ကျပ်ကျပ်တည်းတည်းပင် ထိန်းချုပ်ထားခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံသည် လွန်ခဲ့သည့် ရက်သတ္တပတ်အတွင်းက ယင်းအပေါ် နိုင်ငံတကာက ချမှတ်ထားသော ဒဏ်ခတ်အရေးယူမှုများအပေါ် တင်းတင်းမာမာတုံ့ပြန်ခဲ့ပြီး မကြာသေးမီ ရက်ပိုင်းအတွင်းက ရောထွေးယှက်ပွမ်းသော သတင်းပေးမှုများ ပြုလုပ်ခဲ့သည်။ ယင်းမှာ တာတိုပစ်ဒုံးကျည်များ ပစ်ခတ်စမ်းသပ်ခြင်းနှင့် တရုတ်နိုင်ငံသို့ ထိပ်တန်းသံတမန်များ စေလွှတ်ကာ ငြိမ်းချမ်းရေးအတွက် မြှင့်တင်ဆောင်ရွက်မည်ဟု ကတိပြုခြင်းဖြစ်သည်။ **ဆင်ဟွာ။**



မြောက်ကိုရီးယားနိုင်ငံရှိ ဝွန်ဂန်းတောင်ပေါ် အပန်းဖြေစခန်းမြို့၌ ကမ္ဘာလှည့်ခရီးသည်များကို တွေ့ရစဉ်။

# ကွန်ဂိုသူပုန် အပစ်ရပ်ရေး ကြေညာ

**ဂိုမာ မေ ၂၅**

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းသည် ကွန်ဂိုနိုင်ငံ၏ ပြဿနာများရှုပ်ထွေးနေသည့်ဒေသသို့ ရောက်ရှိလာသည့်အတွက် နိုင်ငံအရှေ့ပိုင်းတွင် အမ်၂၃ သူပုန်တပ်ဖွဲ့က အပစ်အခတ်ရပ်စဲကြောင်း ကြေညာခဲ့သည်ဟု အုပ်စုပြောရေးဆိုခွင့်ရှိသူက ပြောသည်။

ဗုဒ္ဓဟူးနေ့က ဒုံးကျည်ဖြင့်ပစ်ခတ်ခံရသဖြင့် လူတစ်ဦးသေဆုံးခဲ့ရသော မြို့တော်ဂိုမာဒေသသို့ မစ္စတာဘန်ကီမွန်း ရောက်ရှိလျက်ရှိသည်။

တိုက်ပွဲများ ပြန်လည်ဖြစ်ပွားလာသည့်အတွက် အလွန်စိတ်ပူပန်မိကြောင်း ဘန်က ပြောသည်။

အစိုးရတပ်ဖွဲ့များနှင့် အမ်-၂၃ သူပုန်တို့သည် တနင်္လာနေ့မှစ၍ အပြင်းအထန် တိုက်ခိုက်ကြရာ အနည်းဆုံးလူ ၂၀ သေဆုံးခဲ့သည်။

ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်ဖွဲ့မှ အရာရှိ ဗိုလ်မှူးကြီး ပရိမန်ကူးဂို့ရှ်က ဂိုမာမြို့ အန်ဒိုရှိုရပ်ကွက်အတွင်းသို့ ဗုဒ္ဓဟူးနေ့၌ ဒုံးကျည်နှစ်စင်း ကျရောက်ပေါက်ကွဲခဲ့ကြောင်း၊ သေဆုံးသူများတွင် အရပ်သားများ ပါဝင်ကြောင်း ပြောကြားခဲ့သည်။

ကုလသမဂ္ဂ အကြီးအကဲက ၎င်းကတိပြုထားသည့်အတိုင်း ဂိုမာသို့ လာရောက်သဖြင့် အပစ်အခတ်ရပ်စဲရေးကြေညာရန် ၎င်းတို့က ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း အမ်-၂၃ နိုင်ငံရေးရာ ပြောရေးဆိုခွင့်ရှိသူ အမာနီကာဘာရှာက ရိုက်တာသို့ ပြောကြားခဲ့သည်။

၎င်းတို့သည် ငြိမ်းချမ်းရေးဆွေးနွေးရန် ဆန္ဒရှိကြောင်း ၎င်းက ပြောကြားသည်။ ကမ်ပါလာ ဆွေးနွေးရေးစားပွဲဝိုင်းသို့ ပြန်လာရန် အစိုးရကို တိုက်တွန်းကြောင်း ကာဘာရှာ၏ ပြောကြားချက်ကို အေပီက ကောက်နုတ်ဖော်ပြသည်။

ကွန်ဂိုနိုင်ငံ အရှေ့ပိုင်းတွင် ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်ဖွဲ့ဝင် ၂၀၀၀၀ နီးပါး တပ်စွဲထားသည်။ **ဘီဘီစီ။**



ကွန်ဂို အမ်-၂၃ သူပုန်အဖွဲ့ဝင်များကို တွေ့ရစဉ်။

# ဂွါတီမာလာသမ္မတဟောင်းကို အမေရိကန်သို့ လွှဲပြောင်းပေး

**ဂွါတီမာလာ မေ ၂၅**

မသမာမှုများကျူးလွန်ခဲ့သည်ဟူသော စွပ်စွဲချက်များကိုရင်ဆိုင်ရန် ဂွါတီမာလာသမ္မတဟောင်း အဲလ်ဖွန်ဆိုပေါ်တီလိုကို အမေရိကန်ပြည်ထောင်စုသို့ လွှဲပြောင်းပေးလိုက်ပြီဖြစ်ကြောင်း မေ ၂၄ ရက် ဘီဘီစီသတင်းတွင် ဖော်ပြသည်။

မစ္စတာပေါ်တီလိုသည် ၂၀၀၀ ပြည့်နှစ်နှင့် ၂၀၀၄ ခုနှစ်အကြား သမ္မတတာဝန်ထမ်းဆောင်နေစဉ် ပြည်သူ့ဘဏ္ဍာငွေမှ ဒေါ်လာသန်း ၇၀ ကျော်ကို တရားမဝင် လွှဲပြောင်းပေးပို့ရာတွင် အမေရိကန်ဘဏ်များကို အသုံးပြုခဲ့သည်ဟု စွပ်စွဲထားသည်။

၎င်းကို အစမ္မပြန်ပေးဆွဲ၍ အမေရိကန်သို့ပို့သန်းမည့်လေယာဉ်ပေါ်သို့ တင်ပေးလိုက်ခြင်းဖြစ်ကြောင်း ပေါ်တီလိုက ရေဒီယိုဆိုနိုရာသို့ ပြောသည်။

အမေရိကန်ပြည်ထောင်စုသို့ လွှဲပြောင်းပေးခြင်း မပြုရန် ၂၀၁၁ ခုနှစ်ကတည်းက တိုက်ပွဲဝင်လျက်ရှိပြီး လုံလောက်သော သက်သေအထောက်အထားလည်းမရှိဟု ၎င်းက ပြောကြားသည်။ သမ္မတဟောင်းက ကျန်းမာရေးလည်း မကောင်းပါဟု ဆိုသည်။ **ဘီဘီစီ**



# ချီလီတွင် သဘာဝပတ်ဝန်းကျင်ပျက်စီးသည့်အတွက် ကမ္ဘာ့အကြီးဆုံးရွှေကုမ္ပဏီ ဒေါ်လာ ၁၆ သန်း ဒဏ်ရိုက်ခံရ

**ဆန်တီယေဂို မေ ၂၅**

သဘာဝပတ်ဝန်းကျင်ပျက်စီးစေသည့်အတွက် ကမ္ဘာ့အကြီးဆုံးရွှေတူးဖော်ရေးကုမ္ပဏီ ဘာရစ်ဂိုးလ်ကော်ပိုရေးရှင်းကို ချီလီအာဏာပိုင်များက အမေရိကန်ဒေါ်လာ ၁၆ သန်း ဒဏ်ရိုက်လိုက်ကြောင်း မေ ၂၄ ရက် သတင်းတွင် ဖော်ပြသည်။

အာဂျင်တီးနားနိုင်ငံနှင့်ထိစပ်နေသော နယ်စပ်ရှိ ပတ်စ်ကူအာ-လာမာသတ္တုတူးဖော်ရေးလုပ်ကွက်၌ မသန့်ရှင်းသော ရေများကို အန္တရာယ်ကင်းစင်သည့် စွန့်ပစ်ရေးစနစ်မလုပ်နိုင်သေးသရွေ့ အဆောက်အအုံများ တည်ဆောက်ရေးလုပ်ငန်းများ ရပ်ဆိုင်းထားပြီဖြစ်သည်။

ယင်းသတင်းကြောင့် နယူးယောက်နှင့် တိုရွန်တို၌ ကနေဒါလူမျိုးပိုင် ၎င်းကုမ္ပဏီ၏ရှယ်ယာများကို ဈေးပေါပေါနှင့် ရောင်းချပြီးနောက် ရပ်ဆိုင်းခဲ့သည်။

သို့သော် လုပ်ရှားသူများက ထိုဒဏ်ငွေမှာ ကုမ္ပဏီ၏ စုစုပေါင်းလုပ်ငန်း၏ သုည ဒသမ တစ် ရာခိုင်နှုန်းသာရှိသည်ဟု ဝေဖန်ကြသည်။

ဒေါ်လာ ၁၆ သန်းသည် ကုမ္ပဏီအတွက် သက်သောင့်သက်သာရှိကြောင်း ဘာရစ်ဂိုးလ်ကဲ့သို့သော ကုမ္ပဏီအတွက် ပြဿနာမဟုတ်ကြောင်း ဂရင်းပိ(စ်)က ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြထားသည်။

မည်သို့ပင်ဝေဖန်စေကာမူ ချီလီဥပဒေအရ ယင်းဒဏ်ငွေမှာ အမြင့်ဆုံးဖြစ်ဖွယ်ရာရှိကြောင်း အစိုးရက ပြောသည်။

သတ္တုတွင်းကုမ္ပဏီသည် အလွန်အရေးကြီးသော ကျူးလွန်မှုလေးခုရှိကြောင်း၊ တစ်ခုမှာ အလွန့်အလွန်အရေးကြီးကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အာဏာပိုင်များက ပြောကြားသည်။ **အေပီ**

# မြင်းသားကို အမဲသားဟုလိမ်ရောင်းသူ ဒတ်ချ်နိုင်ငံသားကို ထိန်းသိမ်း

**အမ်စတာဒမ် မေ ၂၅**

နယ်သာလန်နိုင်ငံ၌ အသားလက်ကားရောင်းသူ ဝီလီဆဲလ်တန်ကို မြင်းသားတန် ၃၀၀ အား အမဲသားအမည်တပ်၍ ရောင်းချခဲ့သည်ဟု စွပ်စွဲကာ ထိန်းသိမ်းခဲ့ကြောင်း တာဝန်ရှိသူများက ကြာသပတေးနေ့တွင် ပြောကြားသည်။

အသားလက်ကားရောင်းဝယ်ရေး ဝီလ်ဘဲတန်ဘီဗွီပိုင်ရှင် မစ္စတာဆဲလ်တန်ကိုကုမ္ပဏီ၏ ပြည်တွင်းဒါရိုက်တာနှင့်အတူ ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

၎င်းတို့သည် ကုမ္ပဏီစာရင်းများကို လိမ်လည်ထားရှိသည်ဟု သံသယရှိကြောင်း ပြည်သူ့ရှေ့နေများက ပြောသည်။

ဧပြီလအတွင်း၌ သတင်းများအရ မစ္စတာဆဲလ်တန်က အမဲသားအဖြစ် ရောင်းချခဲ့သည့် အသားတန်ချိန်တန် ၅၀၀၀၀ တွင် မြင်းသားများ ပါဝင်ခဲ့သည်။

၎င်းတို့၏ ထုတ်ကုန်များကို စစ်ဆေးရန် မစ္စတာဆဲလ်တန်က အသားများ ထောက်ပံ့သည့် ဥရောပတစ်ဝန်းလုံးမှ ကုမ္ပဏီရာပေါင်းများစွာကို ဒတ်ချ်စားသောက်ကုန် အန္တရာယ်ကင်းစင်ရေး အာဏာပိုင်အဖွဲ့က မေးမြန်းခဲ့သည်။

ကုမ္ပဏီများသည် ၂၀၁၁ နှင့် ၂၀၁၂ ခုနှစ်အတွင်း မြင်းသားတန် ၃၀၀ ကို နယ်သာလန်၊ အင်္ဂလန်နှင့် အိုင်ယာလန်နိုင်ငံတို့မှ လက်ခံရရှိခဲ့သည်ဟု ဆိုသည်။

ကြေညာချက်အရ ကုမ္ပဏီ၏ စာရင်းများတွင် မြင်းသားများကို အမဲသားအဖြစ် အသုံးပြုစီမံထုတ်လုပ်ခဲ့ကြသည်။ စာရင်းများ၌ မြင်းသားများသည် မည်သည့်ဒေသမှလာ၍ မည်သည့်ဒေသသို့ ပြန်လည်ထွက်ခွာသည်ကို ဖော်ပြထားခြင်းမရှိပေ။

မစ္စတာဆဲလ်တန်သည် ဗုဒ္ဓဟူးနေ့ည၌ ဒတ်ချ်ရုပ်သံလိုင်းမှနေ၍ စွပ်စွဲချက်များသည် အခြေအမြစ်မရှိကြောင်း ရာဇဝတ်မှုများကိုလည်း မကျူးလွန်ကြောင်း ငြင်းဆိုခဲ့သည်။ **ဘီဘီစီ။**

# ပါကစ္စတန်တွင် ကျောင်းကားတစ်စီး မီးလောင်ပေါက်ကွဲ၊ ကလေးငယ် ၁၅ ဦးသေဆုံး

**ဂူဂျာရတ် မေ ၂၅**

ပါကစ္စတန်နိုင်ငံ အရှေ့ပိုင်း ပန်ဂျပ်ပြည်နယ် ဂူဂျာရတ်မြို့တွင် အလုံပိတ်ကျောင်းကားတစ်စီး ဓာတ်ငွေ့အိုး ပေါက်ကွဲ မီးလောင်မှုကြောင့် ကျောင်းသား ၁၅ ဦးသေဆုံးကြောင်း မေ ၂၅ ရက်သတင်းတွင် ဖော်ပြသည်။

မေ ၂၅ ရက် ဒေသစံတော်ချိန် နံနက် ၇ နာရီ မိနစ် ၄၀ ခန့်က ဂူဂျာရတ်မြို့သို့ ဦးတည်မောင်းနှင်လာသော အလုံပိတ်ကျောင်းကားတစ်စီး ဓာတ်ငွေ့အိုး ပေါက်ကွဲမှုဖြစ်ပွားကြောင်း၊ ကားပေါ်တွင် ၂၅ ဦးခန့် လိုက်ပါလာကြောင်း အသက် ၈ နှစ်မှ ၁၂ နှစ်အတွင်းရှိကြကြောင်း ဒေသခံသတင်းများတွင် ဖော်ပြသည်။ **ဆင်ဟွာ**

ဓော်ဘွား‌ဒေလးဗိုလ်ဗိုလ်မောင်ကုမ္ပဏီလီမိတက်မှ
Ph:01-545531,01-8603141, 09-5008161
Ph : 067-25422, 09-49-210 551, 09-5104455
Ph:02-73191, 09-5140655, 09-402571300

ပြည်ပအလုပ်အကိုင် ကြော်ငြာ
စင်ကာပူနိုင်ငံ Keppel သင်္ဘောကျင်းအတွက် (အမြန်) အလိုရှိသည်။
S$ - 800 + OT
လစာ S$ - 430 + OT
+ Airticket
ISO 9001 : 2008
သုခစစ်
ပြည်တွင်း-ပြည်ပ
အလုပ်အကိုင် ဝန်ဆောင်မှု ကုမ္ပဏီ
စင်ကာပူနိုင်ငံ ITE

# အင်ဒိုနီးရှားကို မြန်မာအသင်းရှုံးနိမ့်

သတင်း၊ ဓာတ်ပုံ - ချစ်ကိုကို

**ရန်ကုန် မေ ၂၅**

FAM-Frenz Asean Championships 2013 လူငယ်ဘောလုံးပြိုင်ပွဲ ပထမနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းက အောင်ဆန်းကွင်း၌ စတင်ယှဉ်ပြိုင်ကစားရာ Fenz အင်ဒိုနီးရှားအသင်းက မြန်မာ မန္တလေး ဘောလုံးအကယ်ဒမီအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

အဝေးကွင်း လာရောက်ကစားရသည့် အင်ဒိုနီးရှားအသင်းမှာ ခြေစွမ်းပြကစားသွားခဲ့ပြီး တောင်ပံကစားသမားဒီကီ၏ ဟက်ထရစ်ဂိုးဖြင့်အနိုင်ရသွားသည်။ မြန်မာအသင်းမှာ အင်ဒိုနီးရှားထက် အားနည်းမှုများစွာ ရှိခဲ့သောကြောင့် အခွင့်မလှခဲ့ခြင်းဖြစ်သည်။ မြန်မာကစားသမားများထက် ခန္ဓာကိုယ်အရွယ်အစားရော၊ ဘောလုံးပညာပါ သာလွန်ခဲ့သည့် အင်ဒိုနီးရှားအသင်းအတွက် ဂိုးများကို ဒီကီက ၁၅ မိနစ်၊ ၂၃ မိနစ်နှင့် ၇၇ မိနစ်တို့တွင် သွင်းယူပေးခဲ့သည်။ မြန်မာအသင်းအတွက် နှစ်သိမ့်ဂိုးတစ်ဂိုးကို ၅၇ မိနစ်တွင် သီဟထွန်းကျော်က သွင်းယူပေးခဲ့သည်။

ယင်းပြိုင်ပွဲကို အုပ်စုနှစ်စုခွဲ၍ ကျင်းပပြီး အုပ်စု (က) တွင် ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ ထိုင်း၊ တီမော၊ စင်ကာပူ၊ မလေးရှား (က)၊ အုပ်စု (ခ) တွင်မြန်မာ၊ မလေးရှား (ခ)၊ လာအို၊ ဖိလစ်ပိုင်၊ ဘရူနိုင်းနှင့် အင်ဒိုနီးရှားတို့ ပါဝင်ကြသည်။ ပြိုင်ပွဲကို အိမ်ကွင်း၊ အဝေးကွင်းပုံစံဖြင့် နှစ်ကျော့ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စု ဒုတိယပွဲအဖြစ် ဇွန် ၁ ရက်တွင် ဖိလစ်ပိုင်အသင်းနှင့် အောင်ဆန်းကွင်း၌ ကစားရမည်ဖြစ်သည်။



မြန်မာအသင်းဘက်သို့ အင်ဒိုနီးရှားအသင်း တိုက်စစ်ဆင်နေစဉ်။



သတင်းနှင့် ဓာတ်ပုံ
ကိုအောင်
(သင်္ဃန်းကျွန်း)

# လေကြောင်း အသက်ကယ်သင်တန်းအတွက် F-27 လေယာဉ်အား အသုံးပြု

**ရန်ကုန် မေ ၂၅**

သက်တမ်း နှစ် ၃၀ ကျော်ရှိပြီဖြစ်သော မြန်မာ့လေကြောင်းလိုင်း F-27 အား မရမ်းကုန်းမြို့နယ်ရှိ မီးသတ်ဌာနချုပ်တွင် မေ ၂၄ ရက်မှစ၍ စတင်ထားရှိမည်ဖြစ်ကြောင်း သိရသည်။

F-27 လေယာဉ်သည် မြန်မာ့လေကြောင်းပိုင်းလေယာဉ်တစ်စင်းဖြစ်ပြီး လေကြောင်းသယ်ယူပို့ဆောင်ရေးတွင် ခရီးသည်များအား သယ်ယူပို့ဆောင်ပေးခဲ့သော လေယာဉ်တစ်စင်းဖြစ်သည်။

မြန်မာ့လေကြောင်းပိုင် F-27 လေယာဉ်ကို မေ ၂၃ ရက် ည ၉ နာရီခွဲတွင် မင်္ဂလာဒုံလေယာဉ်ကွင်းမှ ပြည်လမ်းအတိုင်း သယ်ဆောင်လာကာ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ် မရမ်းကုန်းမြို့နယ်သို့ ပေးပို့ထားရှိသွားမည်ဖြစ်ကြောင်း သိရသည်။

F-27 လေယာဉ်မှာ ခရီးသည် ၄၄ ဦးစီးလေယာဉ်အမျိုးအစားဖြစ်ပြီး သက်တမ်းနှစ် ၃၀ ကျော်ကြာမြင့်ပြီဖြစ်ကြောင်းနှင့် စတင်ဝယ်ယူစဉ်က ငွေကျပ်ခြောက်သန်းဖြင့် ဝယ်ယူထားရှိခဲ့ကြောင်း စုံစမ်းသိရှိရသည်။ အဆိုပါ လေယာဉ်ကြီးအား ပစ္စည်းအပြည့်အစုံဖြင့် ပြန်လည်တပ်ဆင်ရန် မီးသတ်တပ်ဖွဲ့ဝင်များအား လေကြောင်းအသက်ကယ်ခြင်းဆိုင်ရာ သင်တန်းပို့ချသွားမည်ဖြစ်ကြောင်း မီးသတ်တပ်ဖွဲ့မှ စုံစမ်းသိရှိရသည်။

# နန်းသီတာဆိပ်ကမ်း ကမ်းနားကွန်ကရစ်လမ်းသစ်နှင့် ပန်းဆိုးတန်းလမ်းဆုံတွင် ယာဉ်တိုက်မှုဖြစ်ပွား တစ်ဦးသေဆုံး

**ရန်ကုန် မေ ၂၅**

ရန်ကုန်မြို့ ဆိပ်ကမ်းမြို့နယ် နန်းသီတာဆိပ်ကမ်းအနီးရှိ မကြာမီက ဖွင့်လှစ်ခဲ့သည့် ကမ်းနားကွန်ကရစ်လမ်းသစ်နှင့် ပန်းဆိုးတန်းလမ်းဆုံနေရာတွင် မေ ၂၅ ရက်က ယာဉ်တိုက်မှုဖြစ်ပွားရာ အမျိုးသမီးတစ်ဦးသေဆုံးခဲ့သည်။**(ယာပုံ)**

ဖြစ်ပွားပုံမှာ ယာဉ်မောင်း ကိုစိုးသူဝင်း (၂၅)နှစ် မောင်းနှင်လာသည့် တီအီးအမျိုးအစား ခြောက်ဘီးတပ်ယာဉ်၇ခ/. . . . သည်ဗိုလ်တထောင်ဘက်မှအလာ နန်းသီတာဆိပ်ကမ်းနား ကွန်ကရစ်လမ်းသစ်နှင့် ပန်းဆိုးတန်း လမ်းဆုံနေရာတွင် လမ်းဖြတ်ကူးသည့် မညို(ခ) ညိုကြီး (၂၄)နှစ် တွံတေးမြို့နယ် ကန်ဘဲ့ လမ်းဆုံနေသူအား တိုက်မိရာ နေရာတွင်ပင် သေဆုံးခဲ့ကြောင်း ဆိပ်ကမ်းမြို့နယ်ယာဉ်ထိန်းတပ်ဖွဲ့မှ သိရသည်။

နန်းသီတာ ဆိပ်ကမ်းအထွက်လမ်းသည် အမြဲလူစည်ကားသည့်နေရာဖြစ်ကြောင်း၊ ထိုနေရာတွင် ယခင်က ကားလမ်းမရှိသည့်အတွက် လူများက အရင်အတိုင်းထင်မှတ်ပြီး သတိမပြုမိဘဲ လမ်းဖြတ်ကူးလျက်ရှိနေကြကြောင်းနှင့် အန္တရာယ်ရှိသည့်နေရာဖြစ်သည့်အတွက် လမ်းဖြတ်ကူးရန် ခုံးကျော်တံတားရှိသင့်ကြောင်း၊ သို့မဟုတ်ပါကလည်း သတိပေးဆိုင်းဘုတ်များ တပ်ဆင်ထားသင့်ကြောင်းဖြင့် အဆိုပါလမ်းမှ နေ့စဉ်သွားလာနေသော အသက်(၄၀)ဝန်းကျင် ဝန်ထမ်းတစ်ဦးက ၎င်း၏အတွေ့အကြုံကို သုံးသပ်ပြောပြခဲ့သည်။

**(နန္ဒာဝင်း)**



## မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၂၅-၅-၂၀၁၃)

ကျောက်ဖြူ
၄ ဒသမ ၄၉ လက်မ
ရွှေကျင်
၄ ဒသမ ၄၀ လက်မ
မဒေါက်
၄ ဒသမ ၁၇ လက်မ
စစ်တွေ
၃ ဒသမ ၉၀ လက်မ


## အမှတ်တံဆိပ်အမည်အမှတ်အသားကို တစ်ဦးတည်းမူပိုင်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ကမ်းနားလမ်း၊ ၆-ထပ်ရုံး၊ အမှတ်-၅၃ တွင်ကုမ္ပဏီရုံးခန်း ဖွင့်လှစ်ထားသော ဦးအောင်ဝင်း (အထွေထွေမန်နေဂျာ) IKBZ Insurance Co.,Ltd [၉/မမန(နိုင်) ၀၈၀၅၉၁]၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

အောက်တွင်ဖော်ပြထားသော အမှတ်တံဆိပ် အမည်အမှတ်အသားကို ဦးအောင်ဝင်းမှ မိမိတို့ကုမ္ပဏီ၏မူပိုင်အဖြစ် ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် စာချုပ်အမှတ်- ၄/၅၁၆၉/၁၃ ဖြင့် မှတ်ပုံတင်ထားပြီးဖြစ်ပါသည်။

IKBZ
Insurance Co.,Ltd.

အဆိုပါ အမှတ်တံဆိပ်အမည်အမှတ်အသားကို ကျွန်ုပ်တို့မိတ်ဆွေ၏ ကိုယ်ပိုင်ဉာဏ်ဖြင့် တီထွင်ပြီး ကျွန်ုပ်တို့မိတ်ဆွေကုမ္ပဏီ၏အာမခံလုပ်ငန်းအမျိုးအစားအမျိုးမျိုးနှင့် အခြားသော လုပ်ငန်းအရပ်ရပ်တို့တွင် ကပ်နှိပ်၊ ရိုက်နှိပ်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် မိမိတို့ကုမ္ပဏီ၏ မူပိုင်အမှတ်တံဆိပ်အဖြစ် ဆိုင်းဘုတ်၊ ဘလောက်၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ ကြော်ငြာ၊ ရေဒီယို၊ ရုပ်မြင်သံကြား၊ Internet Website အစရှိသည်တို့တွင် အသုံးပြုသွားမည်ဖြစ်ပါသည်။

အထက်ပါ IKBZ Insurance Co.,Ltd ၏ မူပိုင်အမှတ်တံဆိပ်အမည်အမှတ်အသားကို ကျွန်ုပ်တို့ကုမ္ပဏီ၏ ခွင့်ပြုချက်မရှိဘဲ အခြားသူတစ်ဦးတစ်ယောက်ကဖြစ်စေ၊ အများကဖြစ်စေ၊ အမှတ်တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ မှီငြမ်း၍ဖြစ်စေ၊ ကိုးကား၍ဖြစ်စေ၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှား၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ တုပသုံးစွဲခြင်းများ မပြုလုပ်ကြပါရန်နှင့် အကယ်၍တုပသုံးစွဲနေသည်ကို တွေ့မြင်ကြားသိရပါက ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ တည်ဆဲဥပဒေအရ ထိရောက်စွာ တရားစွဲဆိုအရေးယူသွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်ခင်စုစုဖြိုး**(LL.B.,D.B.L)** (စဉ်-၃၇၆၄၇)
အထက်တန်းရှေ့နေ

ဒေါ်ချိုရီ (စဉ်-၁၉၁၁) **(B.Sc.,H.G.P.,R.L.,D.B.L)**
ဒေါ်ခင်အိအိအောင်(စဉ်-၇၆၆၄) **(LL.B.,D.I.L)**
တရားလွှတ်တော်ရှေ့နေများ

အမှတ်-၁၃၂၊ ပထမထပ်၊ ၅၁လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၀၃၁၇၆၊ ၂၉၅၉၇၅၊ ၀၉-၇၃၂၃၇၀၉၆၊ ၀၉- ၅၄၀၄၉၄၁


# မြန်မာအခေါက်ရွှေ တစ်ကျပ်သား ငွေကျပ် ၇၁၀၀၀၀ ဝန်းကျင်ရှိ

**ရန်ကုန် မေ ၂၅**

ယနေ့ကမ္ဘာ့ရွှေဈေးကျဆင်းခြင်းကြောင့် မြန်မာ့ရွှေဈေးမှာလည်း ကျဆင်းလျက်ရှိကြောင်း၊ ယခုရက်ပိုင်းအတွင်း ဝယ်လိုအား၊ ရောင်းလိုအား မျှတနေသည့်အတွက် မြန်မာ့ရွှေမှာ မတက်နိုင်ကြောင်း၊ အရောင်းအဝယ်အေးပြီး ပုံမှန်ဈေး ငွေကျပ် ၇၁၀၀၀၀ ဝန်းကျင်တွင်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ အလုပ်အမှုဆောင် ဦးအေးချိုက ပြောကြားသည်။

ယနေ့နံနက်ပိုင်းတွင် အဖွင့်ဈေးမှာ မြန်မာအခေါက်ရွှေတစ်ကျပ်သား ငွေကျပ် ၇၁၀၀၀၀၊ ကမ္ဘာ့ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၃၈၆ရှိကြောင်း၊ ညနေပိုင်းတွင် မြန်မာအခေါက်ရွှေတစ်ကျပ်သား ငွေကျပ် ၇၁၀၉၀၀၊ ကမ္ဘာ့ရွှေတစ်အောင်စ အမေရိကန်ဒေါ်လာ ၁၃၆၈ ဖြင့် ဈေးပိတ်ကြောင်း သိရှိရသည်။ ရွှေဘုံသာလမ်းရှိ ရွှေထည်ပစ္စည်းရောင်းဝယ်သူတစ်ဦးက ၁၅ ပဲရည်ရွှေတစ်ကျပ်သားလျှင် ငွေကျပ် ၆၆၅၀၀၀ ဖြင့် ရောင်းဝယ်ကြောင်း သိရှိရသည်။

တစ်ပတ်အတွင်း ရွှေဈေးမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| မြန်မာ့ရွှေ(ကျပ်) | | | ကမ္ဘာ့ရွှေ(ဒေါ်လာ) | |
|---|---|---|---|---|
| ရက်စွဲ | ဖွင့်ဈေး | ပိတ်ဈေး | ဖွင့်ဈေး | ပိတ်ဈေး |
| ၂၀-၅-၂၀၁၃ | ၆၉၆၅၀၀ | ၆၉၈၇၀၀ | ၁၃၄၅ | ၁၃၅၁ |
| ၂၁-၅-၂၀၁၃ | ၇၀၄၀၀၀ | ၇၀၇၂၀၀ | ၁၃၉၀ | ၁၃၈၂ |
| ၂၂-၅-၂၀၁၃ | ၇၀၆၀၀၀ | ၇၁၀၀၀၀ | ၁၃၇၈ | ၁၃၈၄ |
| ၂၃-၅-၂၀၁၃ | ၇၀၉၅၀၀ | ၇၁၁၂၀၀ | ၁၃၆၈ | ၁၃၈၉ |
| ၂၄-၅-၂၀၁၃ | ၇၁၂၀၀၀ | ၇၁၀၇၀၀ | ၁၃၉၇ | ၁၃၈၇ |

အလားတူ စမ်းချောင်းမြို့နယ်မှ ဝါရင့်ကားဝယ်ရောင်းတစ်ဦးက Mini Truck, Truck နှင့် ငွေကျပ်သိန်း ၁၀၀ ကျော် ပရိဘောက်ကားများမှာ အရောင်းအဝယ်သွက်ပြီး ကားဈေးမှာ ပြန်လည်မြင့်တက်လာကြောင်း၊ ယာဉ်အိုယာဉ်ဟောင်းစီမံချက်အရ ကားစလစ်ဈေးမှာ ငွေကျပ် ၉၂ သိန်း ဝန်းကျင်ရှိကြောင်း သိရသည်။

**အေးကို(သတင်းစဉ်)**

# စကားပြောကြသူများ

ကျန်းမာရေးအတွက် လမ်းလျှောက်ရင်း ယာဉ်မတော်တဆမှု ဖြစ်ပွားနေရာ "အခင်းဖြစ်အရပ်" သို့ရောက်ရှိရာ ကြုံဆုံ၍ ကြည့်မိပါသည်။ ကြားမိပါသည်။သင်ခန်းစာများ၊ သင်ယူစရာများ ရရှိ၍ ပြည်သူများထံ ပြန်လည်တင်ပြလိုသော စိတ်ဆန္ဒပြင်းပြမှု၏ တွန်းအားကြောင့် ဤစာစုဖြစ်ပေါ်လာပါသည်။

ညဦးပိုင်းအချိန်ဖြစ်ပါသည်။ပြည်သူ့ဆေးရုံကြီးတစ်ခု၏ ရှေ့ကားလမ်းပေါ်တွင်ဖြစ်ပါသည်။ခရီးသည်မပါသည့် Taxi ဆလွန်းကားငယ်လေးတစ်စီးက လမ်းမကြီးအတိုင်း တောင်မှမြောက်သို့မောင်းလာပါသည်။ မြောက်မှတောင်သို့ မျက်နှာချင်းဆိုင် ဆန့်ကျင်ဘက်ယာဉ်ကြောမှ ဆရာဝန်ဆိုသူက ဆလွန်းကားကြီးကို ဇနီးမယား၊ သမီးသားတို့ တင်ဆောင်မောင်းလာပါသည်။ Taxi ဆလွန်းယာဉ်ငယ်လေး "တည့်" မောင်းလာရာ သူ့ရဲ့ မျက်နှာချင်းဆိုင်မှယာဉ်များ၊ ဆေးရုံရှေ့မှယာဉ်များ လမ်းအသုံးပြုသူများသိသာရန် ရှေ့မီးကြီးတောက်ပြခြင်း၊ မျက်စပစ်ပြခြင်းတို့ကိုလည်း ပြုလုပ်ပြသည်ဟု သိရပါသည်။ ထို့ပြင် "ဟွန်းသံ" အတိုလေးလည်းတီးခတ်ခဲ့သည်ဟု ပတ်ဝန်းကျင် သက်သေများထံမှ ကြားသိပါသည်။သို့ရာတွင် ဆရာဝန်ဆိုသူ၏ကားသည် ဆေးရုံအဝင်မရောက်မီလမ်း၏ အရှေ့အရပ်ရှိ ဆေးရုံရှေ့ဝင်းအုတ်တံတိုင်းရှေ့လမ်းဘေးသို့ ရုတ်တရက် ဘယ်ကွေ့လိုက်ပါသည်။ တည့်ယာဉ်ကို ဦးစားမပေးဘဲ မျဉ်းသေဖြတ်ဘယ်ကွေ့လိုက်သဖြင့် တည့်သွားနေသော Taxi သမားဘာများတတ်နိုင်ပါဦးမည်နည်း။ Taxi ယာဉ်မောင်းခမျာ ခြေထိုးပေးတာခံလိုက်ရခြင်းဖြစ်ပါသည်။ ဆရာဝန်ဆိုသူကား၏ ညာဘက်ခြမ်းခါးလယ်ကို ထိသွားပါသည်။ တံခါးများပိန်ချိုင့်သွားပါသည်။ Taxi က မိမိယာဉ်ကြောအတွင်း ငဲ့ရှောင်လိုက်သော်လည်း Taxi ၏ရှေ့ညာဘက်ထောင့်စွန်းနှင့်ထိမိကာ ချိုင့်ဝင်စုတ်ပြတ်သွားပြီး ခပ်လှမ်းလှမ်းသို့လည်ထွက် ရပ်တန့်သွားခဲ့ပါသည်။ တော်ပါသေးသည်။ လူသားများ ပွန်းပဲ့ဒဏ်ရာများပင် မရရှိခဲ့ကြပါ။ ကားတွေကတော့ ပါးလျှာပေါ့ပါးကြ၍ ဒဏ်ရာအသီးသီးရရှိသွားခြင်းပါ။ Taxi သမားလေး၏ ထမင်းအိုးအက်သွားပါပြီ၊ ထမင်းအိုးကွဲဖို့ပဲ ရှိပါတော့သည်။

အခင်းဖြစ်ရပ်တွင် ရုံဝင်ခမပေးရ၍ ပရိသတ်အုံခဲနေပါပြီ။ အခြားကားများပုံမှန်သွားလာဖို့ မနည်းရှင်းနေရပါသည်။ ရပ်ကွက်လူကြီးများ၊ စေတနာ့ဝန်ထမ်းများ ဝိုင်းဝန်းရှင်းလင်းပေးလျက်ပါ။ လမ်း၏အနောက်အရပ်တွင် ဆေးရုံကို အမှီသဟဲပြုကာ သမုဒ္ဒရာဝမ်းတစ်ထွာအတွက် အသက်မွေးဝမ်းကျောင်းပြုနေသော ဈေးဆိုင်တန်းများ များပြားစွာဖြင့်စည်ကားသိုက်မြိုက်နေပါပြီ။ အနီးအနားသတင်းအရ မီးပွိုင့်တာဝန်ကျယာဉ်ထိန်းတစ်ဦး ဦးစွာရောက်ရှိလာ။ ထို့နောက် ယာဉ်မှုစစ်ဒုရဲအုပ်၊ ရဲအုပ်တို့ဆင့်ကဲဆင့်ကဲ ချက်ချင်းဆိုသလို ရောက်ရှိလာကြပါသည်။ သူတို့အလုပ် သူတို့လုပ်ဖို့ခက်ခက်ခဲခဲ ရှုန်းကန်နေပါပြီ။

အခင်းဖြစ်ရပ်လမ်းမပေါ် ကားနှစ်စီးထိမိငြိမိသည့် နေရာတွင် ကားနှစ်စီး၏ သဲလွန်စများ ချန်ထားခဲ့လေ့ရှိသည်ဆိုသည့် သီအိုရီအရ စတင်ထိမိတိုက်မိသည့် နေရာကိုတွေ့ရှိ၊ မရွှေ့မပြောင်းနိုင်သည့် ထင်ရှားသည့် အမှတ်အသားဆေးရုံဝင်းအုတ်တံတိုင်း၊ သစ်ပင်၊ ဓာတ်တိုင်၊ ဖုန်းတိုင် စသည်တို့နှင့်ယှဉ်တွဲပါဝင်အောင် ကင်မရာဖြင့်ဘက်ပေါင်းစုံမှ ဓာတ်ပုံအကြိမ်ကြိမ်ထပ်ကာထပ်ကာ ရိုက်ယူမှတ်တမ်းတင်ပါသည်။ လမ်းအကျယ်၊ နှစ်ဖက်ယာဉ်ကြောအကျယ်၊ လမ်းလယ်မျဉ်းသေဗဟိုပြုအကျယ်၊ ယာဉ်နှစ်စီးတို့၏ တည်နေရာအကွာအဝေးတို့ကို ပေကြိုးဆွဲ၍မှတ်သားပါသည်။ Taxi ယာဉ်လေးမှာ မိမိယာဉ်ကြောအတွင်း လမ်းဘေးကျကျနေရာလေးမှာ လည်ထွက်သွားသည့်အတိုင်း ငြိမ်ငြိမ်လေးနေပါသည်။ ဆရာဝန်ဆိုသူ၏ယာဉ်မှာလည်း မိမိယာဉ်ကြောမှ အခြားဆန့်ကျင်ဘက်ယာဉ်ကြောသို့ ဧည့်သည်အဖြစ်ရောက်ရှိငြိမ်သက်လျက်။

လာလာချေပြီ။ သက်ရှိသက်သေခံချက်၊ စကားပြောသောသက်သေများ စတင်စုံစမ်းခြင်းပါ။ သန်ရာသန်ရာဘက်လိုက် ထွက်ဆိုနေကြပါသည်။ ဈေးသည်အဒေါ်ကြီးတစ်ဦး တော်တော်လည်ပါသည်။ ပါးနပ်ပါသည်။ "ကျွန်မကတော့ ကိုယ်တိုင်မမြင်ရပါဘူး၊ သမီးကတော့ မြင်ပါတယ်၊ ဟဲ့ သမီး ကိုယ့်ကြောင့် ဘယ်သူမှ မနစ်နာစေနဲ့ မှန်တာပြောလိုက်" ဆိုတဲ့ ဈေးသည်အဒေါ်ကြီး "ဟုတ်ကဲ့၊ ဆရာကားကရပ်ထားတာကို Taxi က ဝင်တိုက်တာ မြင်ရတယ်" လို့ သူ့သမီး၏ ထွက်ဆိုချက်။ လူဖြူဖြူလေးအုပ်စုက ဘယ်သူက အတိုက်ခံရတာလဲ၊ ဘယ်သူကတိုက်တာလဲ"ဟု ဝင်စွက်ပါသည်။ ယာဉ်မှုစစ်က တိုက်တယ်၊ အတိုက်ခံရတယ်ဆိုတာ အကြောင်းရှိတယ်။ အတိုက်ခံရအောင် လုပ်ရင် အတိုက်ခံရမှာပဲလို့ ရှင်းပြလိုက်ပါသည်။ အပြစ်ရှိတဲ့ အတိုက်ခံရခြင်း မျိုးဟု ဆိုလိုသည်။ ကွမ်းယာသည် ဆံရှည်လူငယ်က "ကျွန်တော်က အမှန်တရား ကို ကြိုက်တယ်။ မြတ်နိုးတယ်၊ Taxi က ရှေ့မီးကြီးထိုးပြီး မှိတ်တုတ်မှိတ်တုတ် မီးကစားပြတယ်။ ဟွန်းတီးသံလည်းကြားလို့ သတိထားကြည့်မိတယ်။ အဲဒါ ဆရာ့ကားက Taxi ရဲ့ရှေ့ကို ရုတ်တရက်ဘယ်ကွေ့ဖြတ်ဝင်လိုက်တာ၊ လွတ်မယ် ထင်ပြီး Taxi ကို မစောင့်ဘဲ ဖြတ်ဝင်လိုက်တာပါ။ တိုက်မိသွားတာကို ကောင်းကောင်းမြင်လိုက်ရပါတယ်။ Taxi ကသေးတော့ လည်ထွက်သွားတာပါ" လို့ ထွက်ဆိုပြောပါသည်။ တစ်ယောက်က သူ့နားကို ကပ်ပြီး တိုးတိုးလေး "မင်းဒီရှေ့မှာ ဈေးဆက်မရောင်းချင်တော့ဘူးလား"တဲ့။ ဆံရှည်လူငယ်ချောင်ကုပ်သွားပြီပေ့။ တစ်ယောက်က လက်ကိုင်ဖုန်းတစ်လုံးယူလာပြီး အမှုစစ်ရဲအုပ်ကိုထိုးပေးပြီး အထက်အကြီးအကဲပုဂ္ဂိုလ်က စကားပြောချင်လို့"တဲ့ အမှုစစ်က "ဒါတော့ သည်းခံပါဦး ကျွန်တော်တို့အလုပ် ကျွန်တော်တို့ ဖြောင့်ဖြောင့်လေးလုပ်ပါရစေဦး" တဲ့။ ထိုအုပ်စုကပင် ကားနှစ်စီးရဲ့ အစအန သဲလွန်စပစ္စည်း အမှုန်အမွှားလေးတွေ၊ ဆေးရုံအဝင် ဂိတ်ဝမှာရှိနေတာကနေ လူတွေလမ်းလျှောက်ကြလို့ ဟိုဘက်ရောက်သွားတာ"လို့ ဆွဲပြောနေပြန်ပြီ။ Taxi သမားကို အရက်မူး၊ မမူး၊ မူးယစ်ဆေးဝါးသုံး၊ မသုံးစစ်ရမယ်"လို့လည်း မြေနိမ့်ရာ လှံစိုက်နေပြန်ပြီ။ ကျွန်တော်တို့က ဝန်ထမ်းတွေပါ။ သူက ဘာအရာရှိများ အရာရှိပါတဲ့။ အသိုင်းအဝိုင်းဝင်ခြောက်ဦးလောက်ဟာ အရိပ်လိုပဲကပ်ပါနေကြပြီး တပူးတွဲတွဲ လူးလာတုံ့ခေါက် ယောက်ယက်ခတ်လှုပ်ရှားနေကြပါသည်။ ဥပဒေရှိတာကို သူတို့မေ့နေကြပြီလား။ အမှုစစ်ကို အမျိုးမျိုးအဖုံဖုံ ပြောနေကြပါသည်။ ဒီလိုပြောနေကြ၍ ဥပဒေကိုပြင်လို့ ရပ့ါမလား။ သူတို့သည်စကားပြောကြသူများ ဖြစ်ကြပါသည်။

**မောင်မောင် (ယထ)**

ကားနှစ်စီးကို ဝန်ချီကားဖြင့် ဥပဒေလုပ်ထုံးလုပ်နည်းအရ သိမ်းဆည်းသယ်ယူသွားပါပြီ။ နှစ်ဖက်အမှုသည်များလည်း ယာဉ်ထိန်းရုံးသို့ ရောက်ရှိ ထွက်ဆိုချက်များ ပေးကြရယူကြရ။ အခင်းဖြစ်အနေအထားကို အမှုစစ်များက တည်တည်ငြိမ်ငြိမ် သဘောက်ပေါက်နားလည်အောင် ရှင်းပြ။ စကားအများကြီး ပြောကြသူများ၏ စကားအများကြီးကိုလည်း စိတ်ရှည်ရှည်ဖြင့် နားထောင်ကြ။

ထို့နောက် တည်ဆဲ ၁၉၆၄ ခုနှစ် မော်တော်ယာဉ်ဥပဒေ၊ ၁၉၈၉ ခုနှစ် မော်တော်ယာဉ်နည်းဥပဒေများ၊ ပြစ်မှု ဆိုင်ရာဥပဒေ၊ အမိန့်ညွှန်ကြားချက်များကို လိုရင်းတိုရှင်း ရှင်းပြပါသည်။ တည့်တည့်လာသည့် "တည့်ယာဉ်" သည် မော်တော်ယာဉ်၏ အစဉ်အလာအခွင့်အရေး (Right of Way) ရရှိသဖြင့် သူ့ကိုမျက်နှာချင်းဆိုင် ဘယ်ကွေ့ယာဉ်က ဦးစားပေးရပါမည်။ ရပ်စောင့်ရပါမည်။ Right of Way ကို ကြည့်ရပါမည်။ (လမ်းကျဉ်းကယာဉ်က၊ လမ်းကျယ်က ယာဉ်ဦးစားပေးရတာမျိုး)။ အမှုစစ်ကလည်း ဒါကိုပဲ ပေးကြည့်ပါသည်။ ဒါကို မကြည့်ဘဲ ရပ်မစောင့်၍ ယာဉ်နှစ်စီးပျက်စီးခဲ့ရပါသည်။ သို့ဖြင့် ဆရာဝန်ဆိုသူက ယာဉ်မောင်းအပေါ် အမှုဖွင့်အရေးယူမည်ဖြစ်ကြောင်း အသိပေးပြောကြား၊ လုပ်ထုံးလုပ်နည်းနဲ့အညီ ဆောင်ရွက်ရန်ပြင်ဆင်ပါတော့သည်။

ယာဉ်မှုစစ်များသည် အကြိုတရားသူကြီး (Pre-judge)များ ဖြစ်ကြပါသည်။ ကြိုတင်ဆုံးဖြတ်ချက်များ ပြုလုပ်နိုင်ပါသည်။ ကြိုတင်ဆုံးဖြတ်၍ တရားရုံးသို့တင်ပို့ရပါသည်။ ဆရာဝန်ဆိုသူဘက်မှ Pre-judge ဖြစ်တဲ့ ယာဉ်မှုစစ်များ၏ကြိုတင်ဆုံးဖြတ်ထားချက်ကို အစာမကြေကြပါ။ အမျိုးမျိုး စောဒကတက်နေကြ။ Taxi သမားကိုလည်း "အရှိန်ပြင်းတယ်၊ အရက်မူးနေ တယ်"ဟု စွပ်စွဲနေပြီး တရားရုံးမှာ တရားစွဲမည်ဟု ခြိမ်းခြောက်ပြောကြား လျက်ပါ။ အမှုစစ်က လုပ်ထုံးလုပ်နည်းအတိုင်း Taxi သမားကို အရက်သောက်၊ မသောက် မူး၊ မမူး ဆေးစာဖြင့်မဆိုင်းမတွ စစ်ဆေးပြီးဖြစ်သည်။ နိဂုံးချုပ်မှာဖြင့် ယာဉ်မှုစစ်များ၏ ဥပဒေမျက်နှာကိုသာကြည့်ပြီး ရပ်တည်ချက်မှန်ကန်သည့်အတွက် သန့်သန့်ရှင်းရှင်းအုပ်ချုပ်သောစနစ်ကို အကောင်အထည်ဖော်ဆောင်ခြင်းကို မြင်ကြပြီး သဘောပေါက်နားလည်သွားကြပါသည်။ သူတို့နယ်ပယ်မဟုတ်၍ သူတို့မသိကြခြင်းသာဖြစ်မည်ဟု ယူဆပါသည်။ Taxi သမားဘက်က တွက်ချက်မှုအရ အပျက်အစီးဆုံးရှုံးမှုတန်ဖိုး ငွေကျပ် ၂၅ သိန်း၊ သိန်း ၃၀ ခန့်ကျသည်ကို ငါးသိန်းသာ လျော်ကြေးပေးသော်လည်း Taxi ဘက်က လက်ခံကာ အရှည်အရှည်မငြိမ်းဖွယ်မဖြစ်အောင် မထူးတော့၍ နှစ်ဖက်ကျေအေးလိုက်ကြပါသည်။

ယခုဖြစ်စဉ်ကိုမြင်ရ၍ ကုန်လွန်ခဲ့ပြီးသော ခေတ်ဟောင်းခေတ်ဆွေးက ဖြစ်ရပ်များကို ပြန်ပြောင်းသတိရမိပါသည်။ ရဲလုပ်ငန်းအရ စုံစမ်းစစ်ဆေးရသောအမှုများတွင် သာမန်အမှုနှင့် အမှုကြီးဟူ၍ရှိပါသည်။ အမှုကြီး ရှစ်မျိုး၊ အမှုကြီး ၁၀ မျိုးဟူ၍ ခွဲခြားထားပါသည်။ များသောအားဖြင့် ထောင်ဒဏ်ခုနစ်နှစ်နှင့် အထက်အမှုများ။ ပြစ်ဒဏ်တစ်သက်တစ်ကျွန်းနှင့် သေဒဏ်ထိုက်သင့်သည့် အမှုမျိုးများဖြစ်သည်။ အမှုကြီးကို ICR (Important Crime Report)"အိုင်စီအာ"အမှုကြီးဟုခေါ်ပါသည်။ ရေစုပ်မော်တာတစ်လုံး ခိုးယူပျောက်ဆုံးမှုဖြစ်ပွားသည်ဆိုပါစို့။ သာမန်လူအဖို့ သာမန်အမှုဖြစ်ပေမယ့် VIP ဆိုသူများနှင့်နွယ်ပါက "အိုင်စီအာ" အမှုကြီးစာရင်းဝင်သော အမှုကြီးဖြစ်သွားတတ်ပါသည်။ အခြေအနေ သုံးရပ်ပေါ် မူတည်ပြောင်းလဲတတ်ပါသည်။အခြေအနေ သုံးရပ်က (၁) Environment ဘယ်သူပတ်ဝန်းကျင်လဲ။ VIP ဆိုသူများ၏ ပတ်ဝန်းကျင်။(၂) Interest VIP ဆိုသူများ စိတ်ဝင်စားသွားပြီ။ (၃) Pressure လွှမ်းမိုးဖိအားပေးမှုများ ဖြစ်လာပါတော့သည်။ "မော်တာခိုးမှုကို ၂၄ နာရီအတွင်း ပေါ်အောင်ဖော်ထုတ်ပါ။ အမှုမပေါ်ပေါက်လျှင် အိပ်ရာလိပ်ထားတဲ့။ သူတို့လည်း စကားပြောကြသူများ ဖြစ်ကြပါသည်။ လွှမ်းမိုး ဖိအားသိပ်လေးလံလျှင် မပြောင်းလိုလျှင် အမှုကလည်း ပေါ်ပေါက်ရန်အလားအလာမရှိတဲ့အခြေအနေ. . .။ ဆိုင်တစ်ဆိုင်က မော်တာအသစ်တစ်လုံးဝယ်။ မော်တာခိုးမှုဖမ်းဆီးရမိပါပြီ။ သက်သေခံပစ္စည်းမော်တာကို အောင်မြင်စွာပြန်လည်သိမ်းဆည်းအပ်ပေးနိုင်ပါသည်ဟူ၍ လုပ်ငန်းစွမ်းရည်ကိုပြသရပါတယ်တဲ့။

ဟိုအဝေးကြီးမှာ ကျန်ခဲ့တဲ့နာရီပေါ် စခေတ်က နာရီတွေများလာသည့်အခါ "ဗမာပြည်၊နာရီတွေကများ၊ မှန်နိုင်ပ့ါမလား" ဟူ၍ ပြောစမှတ်ရှိခဲ့သည်ဟုကြားဖူးပါသည်။ ယခုလောက် နာရီတွေပေါများလာမှုဖြင့် "နာရီအချိန်တွေ မှန်နိုင်ပ့ါမလား" ဟု ဆိုလိုပါသည်။ မျက်မှောက်ခေတ်မှာ သစ်လွင်တောက်ပြောင်လှပတဲ့ကားတွေ အလွန်ပေါများလာ၍ "ဗမာပြည်ကားတွေကများ ဝယ်စီးနိုင်ပ့ါမလား"ဟူ၍ ဆိုလိုက်ချင်ပါသည်။ လက်ကိုင်ဖုန်းတွေတောင် ငွေကျပ် ၁၅၀၀ ဖြင့် ဝယ်နိုင်အောင် သက်ဆိုင်သူများက စွမ်းဆောင်ပေးခဲ့ရာ နောင်ဆို မော်တော်ကားတစ်စီး ငွေကျပ် ၁၅၀၀၀ ဖြင့် ဝယ်ခွင့်ရချင်ရနေမှာပါ။ ကျွန်တော်တို့ငယ်ငယ်က ပြည်တော်သာဂျစ်လို့ခေါ်တဲ့ အင်္ဂလန်ကလာတဲ့ Land Rover Jeep ကားတစ်စီး ၅၀၀၀ ဖြင့် ဝယ်ခွင့်ရတဲ့ဗျာ။ ထိုခေတ်ကို "ပြည်တော်သာခေတ်" ဟု ခေါ်ပါသည်။

မော်တော်ကားတွေ ပေါများလာသလောက် မတော်တဆမှုပြဿနာများ ထူပြောဖောင်းပွလာတတ်ပါသည်။ ကိုယ့်ဘက်ကမှားမှန်းသိလျက် ယောက်ျားပီပီသသရင်မဆိုင်ချင်၊ ကိုယ့်နယ်ပယ်မဟုတ်သည့် ဥပဒေနယ်ပယ်သို့ ဝင်ရောက်စွက်ဖက်ရှုပ်ထွေးစေကာ စကားပြောကြသူတွေများလာတတ်ပါသည်။ "ပတ်ဝန်းကျင်" စိတ်ဝင်စားမှု၊ လွှမ်းမိုးဖိအားပေးမှုတွေလည်း ရှိလာနိုင်ပါသည်။ သုံးလာနိုင်ပါသည်။ ထိုအရာများကို မတုန်မလှုပ် မယိုင်မနဲ့ မငဲ့မစောင်း မှန်မှန်ကန်ကန် သန့်သန့်ရှင်းရှင်းဖြင့် ဥပဒေမျက်နှာတစ်ခုတည်းသာ ကြည့်ရမည့် မှန်ကန်သည့် ရပ်တည်ချက်ကို ဆက်လက်ရပ်တည်နိုင်ပါစေဟု ဆုတောင်းပါသည်။ နောင်ကိုလည်း မှန်ကန်သည့် ရပ်တည်ချက်ကို မလွဲမသွေ ရပ်တည်ကြဦးမှာပါဟု ယုံကြည်မျှော်လင့်ပါသည်။ ရပ်တည်ချက်မှန်ကန်ခဲ့သည့် ယာဉ်မှုစစ်များကို ကျေးဇူးတင်ဂုဏ်ပြုလိုပါ၍ ဤစာစုဖြစ်ဖြင့် ရေးဖွဲ့တင်ပြအပ်ပါသည်။ ။

**ယာဉ်မှုစစ်များ၏ ဥပဒေမျက်နှာကိုသာကြည့်ပြီး ရပ်တည်ချက်မှန်ကန်သည့်အတွက် သန့်သန့်ရှင်းရှင်း အုပ်ချုပ်သောစနစ်ကို အကောင်အထည်ဖော်ဆောင်ခြင်းကို မြင်ကြပြီး သဘောပေါက်နားလည်သွားကြသည် ။**

PUN HLAING HOSPITAL

အရိုးကျီးပေါင်း၊ ခါးဆစ်နာ၊ အကြောညပ် စသောကျောရိုးဆစ်နှင့် အခြားအရိုးအကြောဆိုင်ရာရောဂါများအထူးကုသမှုအစီအစဉ်

လည်ပင်းအရိုးကျီးပေါင်းဝေဒနာ၊ ခါးနာ၊ အကြောညပ် စသောခါးဆစ်ရိုးနှင့်အခြားအရိုးအကြောဆိုင်ရာရောဂါများကို

မလေးရှားနိုင်ငံမှ ကျောရိုးဆစ်ဆိုင်ရာအထူးကုဆရာဝန်ကြီး ကိုယ်တိုင်

ဇွန်လ ၂ ရက်မှ ၅ ရက်နေ့အထိ ပန်းလှိုင်ဆေးရုံကြီးတွင်လာရောက်ကုသပေးမည်ဖြစ်ပါသည်။

ဆက်သွယ်ရန် - ရန်ကုန် (၀၁) ၆၈၄ ၃၂၃၊ (၀၉) ၄၂၀၄၂၆၇၉၊ (၀၁) ၂၄၃ ၀၁၀ / မန္တလေး (၀၉) ၄၃၂၀၇၇၈၁

# မြန်မာနိုင်ငံ ဆေးဝါးပညာရှင်များအသင်း ညီလာခံဖွင့်

**ရန်ကုန် မေ ၂၅**

မြန်မာနိုင်ငံ ဆေးဝါးပညာရှင်များအသင်း ပထမအကြိမ် ညီလာခံဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် မင်္ဂလာတောင်ညွန့်မြို့နယ် ဆရာဝန်များအသင်း ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက မြန်မာနိုင်ငံဆေးဝါးပညာရှင်များအသင်းသည် အမျိုးသားကျန်းမာရေး ပြုစုစောင့်ရှောက်ရေးအခန်းကဏ္ဍတွင် တစ်တပ်တစ်အားပါဝင်ရမည့် အင်အားစုဖြစ်ကြောင်း၊ ဆေးဝါးပညာရှင်များသည် ဆရာဝန်နှင့် လူနာများ အကျိုးအတွက် ထိရောက်သည့် ဆေးဝါးကုသခြင်းနှင့် ဘေးကင်းသည့် ဆေးဝါးအသုံးပြုခြင်းများတွင် ပါဝင်ဆောင်ရွက်ပေးရန် တိုက်တွန်းလိုကြောင်း၊ ယခုမြန်မာနိုင်ငံ ဆေးဝါးပညာရှင်များအသင်း၏ ပထမအကြိမ် ညီလာခံ ကျင်းပနိုင်ခြင်းသည် နိုင်ငံတော်နှင့် ဆေးဝါးပညာရှင်များအတွက် သမိုင်းစာမျက်နှာသစ် ဖွင့်လှစ်နိုင်သည့်အပြင် အင်အားတစ်ရပ်တိုးပွားလာခြင်းဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမင်းသန်းညွန့်နှင့် မြန်မာနိုင်ငံ ဆေးဝါးပညာရှင်များအသင်းဥက္ကဋ္ဌ ဦးဖိုးကျားတို့က နှုတ်ခွန်းဆက်စကား ပြောကြားကြပြီး ညီလာခံကို ဆက်လက်ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**သတိပေး နှိုးဆော်ချက်**

ယခုအခါ မိုးရာသီကာလရောက်ရှိနေပြီဖြစ်၍ ပင်လယ်ကမ်းရိုးတန်းများနှင့် မြစ်၊ ချောင်း ကမ်းဘေးများတွင် နေထိုင်သော ပြည်သူများသည် ရုတ်တရက် ရေကြီးရေလျှံမှုကြောင့် ဘေးအန္တရာယ်များ ကြုံတွေ့နိုင်သည့်အပြင် ပင်လယ်၊ မြစ်၊ ချောင်းများတွင် သွားလာနေသော ရေယာဉ်များသည်လည်း ရာသီဥတုကြောင့်လည်းကောင်း၊ မတော်တဆမှုကြောင့်လည်းကောင်း တိမ်းမှောက်မှုများဖြစ်ပေါ်လာနိုင်သဖြင့် ရေဘေးအန္တရာယ်ကြောင့် မိဘပြည်သူများ အသက်ဆုံးရှုံးမှုမရှိစေရန် အိမ်တိုင်း၊ ရေယာဉ်တိုင်းတွင် အသက်ကယ်ဝတ်စုံ (Life jackets)များ ဆောင်ထားကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မီးသတ်ဦးစီးဌာန**

# ရိုးရာတာတက်ပွဲကျင်းပ

**တောင်ကြီး မေ ၂၅**

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင် တောင်ကြီးမြို့နယ် သံတဲကျေးရွာအုပ်စု ကုန်းမုန့်ကျေးရွာတွင် မေ ၂၄ ရက်က ရိုးရာတာတက်ပွဲ ကျင်းပခဲ့သည်။**(အပေါ်ပုံ)**

အဆိုပါတာတက်ပွဲသည် ကုန်းမုန့်ကျေးရွာပြည်သူများ၏ ရိုးရာဓလေ့ပွဲတစ်ခုဖြစ်ပြီး နှစ်စဉ် ကဆုန်လပြည့်နေ့တိုင်း ကျင်းပလေ့ရှိသည်။ နှစ်ဟောင်းကုန်၍ နှစ်သစ်သို့ကူးပြောင်းသည့်ကာလတွင် ကျေးရွာနေ ပြည်သူများ နှစ်ဟောင်းမှ အညစ်အကြေးများ ကင်းစင်၍ နှစ်သစ်တွင် လုပ်ငန်းကိုင်ငန်းများ အဆင်ပြေစေရေး၊ စိုက်ပျိုးသီးနှံများ ဖြစ်ထွန်းအောင်မြင်စေရေးအတွက် မြတ်စွာဘုရားအား ဆွမ်း၊ ပန်း၊ ရေချမ်း၊ သစ်သီး၊ ဆီမီးများ ကပ်လှူပူဇော်ကာ ဆုတောင်းသည့်ပွဲလည်းဖြစ်သည်။ ဒေသအခေါ်အရ ဆွမ်းတော်ကြီး ဆက်ကပ်လှူဒါန်းသည်ဟု သိရသည်။

ထိုတာတက်ပွဲသို့ ကုန်းမုန့်ကျေးရွာအပါအဝင် ကျေးရွာ ၁၃ ရွာမှဒေသခံ တိုင်းရင်းသားပြည်သူများသည် ရိုးရာဝတ်စုံများကို ဝတ်စားဆင်ယင်လျက် ဆွမ်းတော်အုပ်များကိုကိုင်ဆောင်ပြီး အိုးစည်ဗုံမောင်းများတီးကာ ဘုရားကို လက်ယာရစ် သုံးပတ်လှည့်လည် ပူဇော်ပုံမှာ မြင်ရသူအဖို့ ကြည်နူးပီတိဖြစ်ပြီး ချစ်စရာကောင်း သောဓလေ့ကို မြင်တွေ့ရသည်။

ထိုတာတက်ပွဲတွင် နှစ်သစ်ကာလအတွင်း ကျေးရွာနေ တိုင်းရင်းသားပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် မီးရှူးများလွှတ်တင်ကာ မကောင်းသောအရာများအား မောင်းထုတ်သည်ဟု အယူရှိပြီး အစုအဖွဲ့အလိုက် မီးရှူးများ လွှတ်တင်ကာ ပြိုင်ပွဲဝင်ကြသည်။ စည်းကမ်းအရ မီးရှူးများကို အရှည် ၁၈ လက်မနှင့် လုံးပတ် သုံးလက်မသာခွင့်ပြုပြီး ဂိုးအတွင်းဝင်မှသာ ဆုရွေးချယ်ကြောင်း၊ ဂိုးအတွင်းဝင်သော်လည်း ဘုတ်တိုင်ကျော်မှသာ ဆုရွေးချယ်ကြောင်း၊ ဂိုးအတွင်းဝင်ပြီး ဘုတ်တိုင်ကျော်၍ အဝေးဆုံးရောက်သူကို ရွေးချယ်ကာ ပထမဆု ငွေကျပ် ၁၁ သိန်း၊ ဒုတိယဆု ငွေကျပ် ရှစ်သိန်း၊ တတိယဆု ငွေကျပ် ခြောက်သိန်းနှင့် နှစ်သိမ့်ဆုများကို ပေးအပ်ချီးမြှင့်ခြင်း ဖြစ်ကြောင်း ကုန်းမုန့်ကျေးရွာ ရာအိမ်မှူး ဦးမြင့်ဦးက ပြောသည်။

ယင်းတာတက်ပွဲသည် ဒေသခံတိုင်းရင်းသား ပြည်သူများ၏ ဘာသာရေးအရ ရိုးရာပွဲတော်တစ်ခုဖြစ်ရာ ဒေသခံတိုင်းရင်းသား ပြည်သူများ လာရောက်၍ မြတ်စွာဘုရား ထံဆွမ်းတော်၊ ပန်းတော်များကပ်ကာ ဆုတောင်းပြီး မီးရှူးပြိုင်ပွဲကို ပျော်ရွှင်စွာ ကြည့်ရှုအားပေးသည့် ချစ်စရာရိုးရာဓလေ့ပွဲတော် တစ်ခုအဖြစ် နှစ်စဉ်ကဆုန် လပြည့်နေ့တိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိကြောင်း သိရသည်။

**သတင်း**
**နိုင်ဝင်းထွန်း (တောင်ကြီး)**
**ဓာတ်ပုံ – ခွန်ရဲထွေး**

# စားအုန်းဆီဈေးနှုန်း မြင့်တက်

**ရန်ကုန် မေ ၂၅**

စားအုန်းဆီ ပြည်ပဈေးနှုန်းမြင့်တက်လာသည်နှင့်အပြိုင် ပြည်တွင်းငွေလဲနှုန်းများပါ မြင့်တက်လာ၍ စားအုန်းဆီဆိပ်ကမ်းရောက်တစ်ပိဿာဈေးနှုန်း (အရင်းဈေး) ပြည်တွင်းလက်ကားရောင်းဈေးနှုန်းများပါ မြင့်တက်လာကြောင်း ဆီဈေးကွက်မှ သိရသည်။

မေ ၂၃ ရက် မလေးရှားစားအုန်းဆီ FOB တစ်တန် ဈေးနှုန်း ဒေါ်လာ ၈၅၀ ပြည်တွင်းငွေလဲနှုန်း ၉၅၆ ကျပ်ဖြင့် ဆိပ်ကမ်းရောက် တစ်ပိဿာ (အရင်းဈေး) ကျပ်၁၅၈၀ ဖြစ်ကြောင်း၊ မေ ၂၃ ရက်တွင် ပြည်တွင်း လက်ငင်းလက်ကား ရောင်းဈေးတစ်ပိဿာ နေ့လယ် ကျပ် ၁၅၃၀၊ ညနေ ကျပ် ၁၅၄၀ နှုန်းဖြစ်ကြောင်း၊ မေ ၂၅ ရက်တွင် ဆီထုတ်ယူခွင့် Do စာရွက်ဖြင့် တစ်ပိဿာ ဈေးနှုန်း နေ့လယ် ၁၅၂၅ ကျပ်၊ လက်ငင်းဈေးနှုန်း ကျပ် ၁၅၄၀ ဖြစ်ကာ ညနေပိုင်း ၁၅၄၈ ကျပ်နှုန်းဖြစ်လာကြောင်း သိရသည်။

ဈေးကွက်တွင် ရောင်းချနေသော လက်ငင်းဆီများသည် မေလပထမ အပတ်ကုန်ပြည်ပမှ တင်သွင်းလာသော ဆီများဖြစ်ရာ ယင်းရက်ပိုင်းတွင် စားအုန်းဆီ FOB တစ်တန် ၈၃၅ ဒေါ်လာ၊ ငွေလဲနှုန်း ၉၀၅ ကျပ်ရှိပြီး ပြည်ပမှတင်သွင်းလာသော တစ်ပိဿာ အရင်းဈေးနှုန်းမှာ ကျပ် ၁၄၇၀ ဝန်းကျင်သာရှိသည့်အတွက် ပြည်ပမှ ဆီတင်သွင်းသူများ ဆီတစ်တန် ၆၁၂ ပိဿာလျှင် ကျပ်လေးသောင်းကျော် အမြတ်ရရှိကြောင်း ဆီအဝယ်တော်တစ်ဦးက ပြောပြသည်။

ပြည်တွင်းတွင် နိုင်ငံခြားငွေလဲလှယ်နှုန်း မေလဆန်းတွင် ကျပ် ၈၉၀ ဝန်းကျင်ရှိရာမှ မေလ ၂၅ ရက်တွင်ကျပ် ၉၆၀ ဝန်းကျင်သို့ ဈေးမြင့်ရာ ပြည်ပမှတင်သွင်းလာသော ကုန်ပစ္စည်းများ ငွေလဲနှုန်း အမြင့်ဖြင့် မဝယ်ယူ မတင်သွင်းရသော်လည်း ဈေးကွက်အတွင်းရှိပြည်ပမှ တင်သွင်းလာသောကုန်ပစ္စည်းများ ဈေးမြှင့်တင်ရောင်းချနေကြောင်း၊ နိုင်ငံခြားငွေလဲလှယ်နှုန်းထိုးကျလာသောအချိန်တွင်မူ ဈေးကြီးမိသည်ဆိုပြီး ပြည်တွင်းတွင် ဈေးနှုန်းချမပေးတတ်ကြောင်း၊ မြန်မာနိုင်ငံအတွင်း နိုင်ငံခြားငွေလဲလှယ်နှုန်း မြင့်တက်လျှင် အချိန်နှင့် တစ်ပြေးညီ ပြည်တွင်းရှိသွင်းကုန်များ အလျင်အမြန် ဈေးတက်တတ်သော်လည်း ငွေလဲလှယ်နှုန်းကျချိန်တွင်မူ ဈေးနှုန်းလိုက်ကျလေ့မရှိကြောင်း စားသုံးသူများက ဆိုသည်။

**မောင်စေအောင်**



# မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍတွင် ဂျပန်ကုမ္ပဏီများက ဖြစ်တန်ဖွယ်ရာအကူအညီအရပ်ရပ်ကို ပေးရန်အသင့်ရှိ



နေပြည်တော် မေ ၂၅

**ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာရှင်ဇိုအာဘေးသည် ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ရုံး၌ ကျင်းပသည့် မြန်မာ-ဂျပန် စီးပွားရေးဆွေးနွေးပွဲသို့ တက်ရောက်မိန့်ခွန်းပြောကြားသည်။** (ယာပုံ)

ရှေးဦးစွာ ဂျပန်နိုင်ငံဝန်ကြီးချုပ်နှင့် ဆွေးနွေးပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများသည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဂျပန်ဝန်ကြီးချုပ်က မိန့်ခွန်းပြောကြားရာတွင် မြန်မာနိုင်ငံအစိုးရအဖွဲ့၏ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများကို မိမိတို့ထောက်ခံပြီး ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရေဖြန့်ဖြူးရေးလုပ်ငန်း၊ ဘဏ္ဍာရေးလုပ်ငန်း၊ ဆက်သွယ်ရေးလုပ်ငန်း၊ လူမှုရေးဆိုင်ရာ အကူအညီပေးရေးလုပ်ငန်းနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းတို့တွင် မိမိတို့စိတ်ဝင်စားမှုရှိပါကြောင်း။

မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍတွင် ဂျပန်ကုမ္ပဏီများက ဖြစ်တန်ဖွယ်ရာ အကူအညီအရပ်ရပ်ကို ပေးရန်အသင့်ရှိကြောင်း။

သမ္မတ ဦးသိန်းစိန်နှင့် တွေ့ဆုံခဲ့ရာတွင် **ပုဂ္ဂလိကနှင့် ပြည်သူပိုင်ကဏ္ဍတို့၌ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်နိုင်ရေးအတွက် မိမိတို့အနေဖြင့် ပေးစွမ်းနိုင်သမျှအကူအညီအရပ်ရပ်ကို ပေးသွားရန်** မိမိပြောခဲ့ကြောင်း။

စီးပွားရေးဆွေးနွေးပွဲအား ကျင်းပခြင်းဖြင့် နှစ်နိုင်ငံအကြား အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း။

အတိတ်ကာလက တည်ရှိခဲ့သည့် ဆက်ဆံရေး ကောင်းမွန်မှုကို ဆက်လက်ထိန်းသိမ်းကာ မိမိတို့၏ နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ကောင်းမွန်လာမည်ဟု မျှော်လင့်ပါကြောင်း။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်က ဂျပန်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာရှင်ဇိုအာဘေးအား လက်ဆောင်ပေးအပ်သည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက မိန့်ခွန်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌက အမှာစကားပြောကြားသည်။

ယင်းနောက် မြန်မာ-ဂျပန် စီးပွားရေးဆွေးနွေးပွဲကို အစီအစဉ်အတိုင်း ဆက်လက်ဆောင်ရွက်ခဲ့ကြသည်။

ညနေ ၄ နာရီခွဲတွင် ဂျပန်နိုင်ငံဝန်ကြီးချုပ်သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်နှင့် ခေတ္တတည်းခိုသည့် ချက်ထရီယံဟိုတယ်၌ တွေ့ဆုံသည်။

**(သတင်းစဉ်)**

# ဂျပန်နိုင်ငံဝန်ကြီးချုပ်၏ ဇနီး ဇလွန်သီလရှင်စာသင်တိုက်၊ မြိုင်သီလရှင်သင်ပညာရေးကျောင်းနှင့် ဒဂုံမြို့သစ်မြောက်ပိုင်းရှိ လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာတို့ကို ကြည့်ရှုလေ့လာ

နေပြည်တော် မေ ၂၅

**ဂျပန်နိုင်ငံဝန်ကြီးချုပ်၏ဇနီး မစ္စစ် အာကီအာဘေးသည် ယနေ့နံနက် ၁၀ နာရီတွင် မင်္ဂလာဒုံမြို့နယ်ရှိ ဇလွန်သီလရှင်စာသင်တိုက်သို့ ရောက်ရှိပြီး ဂျပန်နိုင်ငံမှ အလှူရှင်နှစ်ဦးတို့အား သီလရှင်စာသင်တိုက်မှ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲသို့ တက်ရောက်အားပေးသည်။**

ရှေးဦးစွာ ဇလွန်သီလရှင်စာသင်တိုက်မှ ကျောင်းအုပ်ဆရာကြီး ဒေါ်ဇသိဂီက ဇလွန်သီလရှင်စာသင်တိုက်၌ သုံးထပ်ဆောင်တစ်လုံး ဆောက်လုပ်လှူဒါန်းခဲ့သည့် ဂျပန်နိုင်ငံမှ အလှူရှင်နှစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။

ထို့နောက် အလှူရှင်များက သုံးထပ်ဆောင်ဆောက်လုပ်လှူဒါန်းခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဂျပန်ဝန်ကြီးချုပ်၏ဇနီးက ဝမ်းမြောက်ဂုဏ်ပြုစကားပြောကြားကာ သီလရှင်စာသင်တိုက် ကျောင်းအုပ်ဆရာကြီးအား လက်ဆောင်ပေးအပ်သည်။

ယင်းနောက် ပန်နဆိုးနစ်ကုမ္ပဏီမှ လှူဒါန်းသော ဗလာစာအုပ်များကို ဝန်ကြီးချုပ်၏ ဇနီး မစ္စစ် အာကီအာဘေးက ကျောင်းသား ကျောင်းသူများအား ပေးအပ်လှူဒါန်းသည်။

အဆိုပါ ဇလွန်သီလရှင်စာသင်တိုက်အတွင်း ဇလွန်သီလရှင်သင်မူလတန်းလွန်ကျောင်း၊ ကုန်းတလပေါင် စံပြကျေးရွာ(မြောက်)ကို ဖွင့်လှစ်ထားပြီး မူလတန်း၊ အလယ်တန်း ကျောင်းသား ကျောင်းသူ ၆၃၈ ဦး တက်ရောက်ပညာသင်ကြားလျက်ရှိကြောင်း သိရှိရသည်။

မွန်းလွဲပိုင်းတွင် ဂျပန်ဝန်ကြီးချုပ်၏ ဇနီးနှင့်အဖွဲ့သည် ရွှေပြည်သာမြို့နယ်ရှိ မြိုင်သီလရှင်သင်ပညာရေးကျောင်းသို့ ရောက်ရှိကြသည်။



ထို့နောက် ၂၀၁၀ ခုနှစ်က ၎င်းတို့ မိသားစုလှူဒါန်းခဲ့သည့် နှစ်ထပ်စာသင်ကျောင်းဆောင်ကို လှည့်လည်ကြည့်ရှုကြရာ မြိုင်သီလရှင်သင် ပညာရေးကျောင်း တာဝန်ခံဆရာကြီး ဒေါ်သုနန္ဒာက လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက် ဂျပန်ဝန်ကြီးချုပ်၏ ဇနီးသည် ကျောင်းသား ကျောင်းသူများနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းသီလရှင်သင် ပညာရေးကျောင်းတွင် မူလတန်း၊ အလယ်တန်း ကျောင်းသား ကျောင်းသူ ၆၅၈ ဦး တက်ရောက်ပညာသင်ကြားလျက်ရှိပြီး ကျောင်းသားများအနက် မိဘမဲ့ကလေး ၆၀ ပါဝင်ကြောင်း သိရသည်။

ထို့နောက် ဂျပန်နိုင်ငံဝန်ကြီးချုပ်၏ဇနီးနှင့်အဖွဲ့သည် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် (၄၈)ရပ်ကွက်ရှိ အိပ်မက်လှရထားလေး (Dream Train) လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ**(ဝဲပုံ)**သို့ရောက်ရှိရာ ရှင်းလင်းဆောင်၌ ဂေဟာအား ဦးဆောင်ထူထောင်သူ ဆရာဝန်ကြီး၏ ဇနီး ဒေါက်တာ ယူနာယိုရှီအိုကာနှင့် ဂေဟာနာယကအဖွဲ့ဝင် ဦးမြတ်သူတို့က ဂေဟာနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

အဆိုပါ ဂေဟာအား ၂၀၁၀ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်တွင် ဂျပန်နိုင်ငံအခြေစိုက် ဂျပန်နှလုံးသားအဖွဲ့မှ ခွဲစိတ်အထူးကုဆရာဝန်ကြီး Dr. Hideto Yashioka နှင့် အလှူရှင်များ၏ ဦးဆောင်ပံ့ပိုးမှုဖြင့် စတင်ဖွင့်လှစ်ခဲ့ကြောင်း၊ ၂၀၁၁ ခုနှစ် စက်တင်ဘာ ၁၂ ရက်တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ပထမအဆင့် ပရဟိတဂေဟာအဖြစ် အသိအမှတ်ပြုခဲ့ကြောင်း၊ ဂေဟာတွင် သူငယ်တန်းမှ ဒသမတန်းအထိ တက်ရောက်နေသည့် ကျောင်းသား ၈၀၊ ကျောင်းသူ ၇၆ ဦး စုစုပေါင်း ၁၅၆ ဦးရှိကြောင်း သိရသည်။

ထို့နောက် ဂျပန်နိုင်ငံဝန်ကြီးချုပ်၏ ဇနီးနှင့်အဖွဲ့သည် ဂေဟာ၌ ဖွင့်လှစ်ထားသည့် ဆံပင်ညှပ်၊ အနှိပ်ပညာ၊ ကွန်ပျူတာ၊ လျှပ်စစ်ပြင်၊ သီချင်းဆို၊ ရေဆေးပန်းချီ၊ အခြေခံပန်းချီ၊ စက်ချုပ်စသည့် သင်တန်းခန်းများအား လှည့်လည်ကြည့်ရှုခဲ့ကြသည်။ **(သတင်းစဉ်)**



**● မဟာရန်ကုန်မှ**

ယာဉ်သွားလာရေးလိုအပ်ချက်များ ပြည့်စုံလုံလောက်ရန် မြင့်မားသော စွမ်းဆောင်ရည်ရှိသည့် လမ်းကွန်ရက်စနစ်များတည်ထောင်ရန် လမ်းကွန်ရက်အသစ်တည်ဆောက်ရန်အတွက် မြို့ပြင်ပတ်လမ်းများ၊ မြို့တွင်းပတ်လမ်းများနှင့် ယင်းပတ်လမ်းများနှင့် ဆက်သွယ်ရန် အဓိကလမ်းမကြီးများ ဖောက်လုပ်ရန် လိုအပ်မည်ဖြစ်သည်။

မြို့ပြသယ်ယူပို့ဆောင်ရေးဖွံ့ဖြိုးရေး မျှော်မှန်းချက်အနေဖြင့် သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေမှုရှိပြီး သက်သာလွယ်ကူသည့် ပို့ဆောင်ရေးစနစ်အား ဖော်ဆောင်ခြင်းနှင့် ဖွံ့ဖြိုးရေးမူဝါဒအနေဖြင့် ကုန်စည်ပို့ဆောင်ရေးအပါအဝင် လမ်းကွန်ရက်များ တိုးတက်ကောင်းမွန်ရေး၊ အချိန်တိုအတွင်း ထိရောက်စေသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးစနစ်ဆောင်ရွက်ရေး၊ လုံခြုံစိတ်ချရ၍ ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေပြီး လွယ်ကူသက်သာစေသော ပို့ဆောင်ရေးစနစ်ထူထောင်ရေး၊ ယာဉ်လိုအပ်ချက်စီမံခန့်ခွဲမှုစနစ်နှင့် လျော်ညီစွာ ဖွံ့ဖြိုးတိုးတက်စေရေး၊ မဟာရန်ကုန်အတွက် ပြီးပြည့်စုံသော ပို့ဆောင်ရေးစနစ်ထူထောင်ရေးနှင့် ထိန်းသိမ်းရေးအတွက် လိုအပ်သောဖွဲ့စည်းမှုနှင့် စွမ်းဆောင်ရည်မြှင့်တင်မှုတို့ ဆောင်ရွက်ပေးရေးတို့ပါဝင်ပြီး လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်သည်။

မြို့ပြသယ်ယူပို့ဆောင်ရေးကဏ္ဍအနေဖြင့် ယာဉ်ပိုင်ဆိုင်မှုအနေဖြင့် လူ ၁၀၀၀ လျှင် ခရီးသည်တင်ကား ၅၀ သာရှိသဖြင့် မော်တော်ယာဉ်ပိုင်ဆိုင်မှုနှင့် ခရီးသည်တင်ယာဉ်အသုံးပြုမှုလျော်ညီစေရန် လိုအပ်ချက်များဖြည့်တင်းဆောင်ရွက်မည်ဖြစ်ပြီး လမ်းကွန်ရက်ကဏ္ဍသွားလာရေး တိုးမြှင့်ခြင်းဖြင့် ယာဉ်ကျပ်တည်းသော အချိန်အတွင်း ပျမ်းမျှ တစ်နာရီလျှင် ၁၀ ကီလိုမီတာနှုန်းမှ ၂၅ ကီလိုမီတာနှုန်းသို့ တိုးမြှင့်နိုင်ရန်နှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် လုပ်ဆောင်သွားမည်ဖြစ်သည်။

လမ်းကွန်ရက်တိုးချဲ့မှုအား ၂၀၁၈ ခုနှစ်၊ ၂၀၂၅ ခုနှစ်၊ ၂၀၃၅ ခုနှစ်၊ ၂၀၄၀ ခုနှစ်အလိုက် ပိုင်းခြား၍ လည်းကောင်း၊ မြို့ပတ်လမ်းဖြတ်ပိုင်းများကိုလည်းကောင်း ဆောင်ရွက်ရန် သက်ဆိုင်ရာသို့ တင်ပြထားပြီးဖြစ်သည်။

မြို့ပြသယ်ယူပို့ဆောင်ရေးကဏ္ဍဖွံ့ဖြိုးရေးအတွက် စီမံကိန်းချမှတ်ဆောင်ရွက်သင့်သည့် ကာလတိုလုပ်ငန်းများ အနေဖြင့် ခရီးသည်တင်ဘတ်စ်ကားလမ်းကြောင်းကွန်ရက်ပြင်ဆင်ခြင်း၊ ခရီးသည်တင် ဘတ်စ်ကားလုပ်ငန်းအဆင့်မြှင့်တင်ခြင်း၊ ပုဂ္ဂလိကပိုင် ဘတ်စ်ကားပို့ဆောင်ရေးလုပ်ငန်းများထူထောင်ခြင်း၊ ဘတ်စ်ကားပြောင်းလဲသည့်ဂိတ်များ အဆင့်မြှင့်တင်ခြင်း၊ ဘတ်စ်ကားရပ်နားစခန်းများ အဆင့်မြှင့်တင်ခြင်း၊ ဘတ်စ်ကားအမြန်ပို့ဆောင်ရေးစနစ်(BRT)ထူထောင်ခြင်း၊ မြို့တွင်းဗဟိုစီးပွားရေးဇုန်တွင် အများပြည်သူသယ်ယူပို့ဆောင်ရေးစနစ်တိုးမြှင့်ခြင်း၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးဆောင်ရွက်ချက်များ တိုးတက်ကောင်းမွန်စေခြင်း၊ မြို့တွင်းဗဟိုစီးပွားရေးဇုန်အတွင်း လူသွားစင်္ကြံများ ကောင်းမွန်အောင်နှင့် သွားလာနိုင်အောင်ဆောင်ရွက်ပေးခြင်း၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးပညာပေးခြင်း၊ ယာဉ်အန္တရာယ်မှတ်တမ်းများနှင့် ထိန်းသိမ်းမှုစနစ်အဆင့်မြှင့်တင်ခြင်း၊ ယာဉ်မှတ်ပုံတင်နှင့် လိုင်စင်များအား ကွန်ပျူတာစနစ်ဖြင့် ထိန်းသိမ်းခြင်း၊ ယာဉ်သွားလာမှုစီမံခန့်ခွဲမှုဆိုင်ရာ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ၊ ယာဉ်လိုအပ်ချက် စီမံခန့်ခွဲမှုဆောင်ရွက်ချက်များအား ပြင်ဆင်ဆောင်ရွက်ခြင်းလုပ်ငန်းများပါဝင်ပြီး အလယ်အလတ်ကာလလုပ်ငန်းအနေဖြင့် အများပြည်သူသယ်ယူပို့ဆောင်ရေးအာဏာပိုင်အဖွဲ့ ဖွဲ့စည်းခြင်းတို့ဖြစ်သည်။

လမ်းကွန်ရက်ကဏ္ဍ ဖွံ့ဖြိုးရေးအား စီမံကိန်းချမှတ်ဆောင်ရွက်သင့်သည့် အလျင်အမြန်ဆောင်ရွက်ရန် လုပ်ငန်းများအနေဖြင့် အချက်ပြမီး၊ လမ်းညွှန်များပါဝင်သည့် ဖြတ်လမ်းများကောင်းမွန်စေရေးဆောင်ရွက်ခြင်း (အဆင့် ၁) အဓိကလမ်းဆုံများအတွက် ခုံးကျော်တံတားနှင့် မြေအောက်ဖြတ်လမ်းများဆောက်လုပ်ခြင်းလုပ်ငန်းတို့ပါဝင်ပြီး ကာလတိုလုပ်ငန်းအနေဖြင့် ဒဂုံတံတားချဉ်းကပ်လမ်းများ ကောင်းမွန်စေရေးဆောင်ရွက်ခြင်းတို့ဖြစ်သည်။ ကာလတိုမှ အလယ်အလတ်ကာလထိ ဆောင်ရွက်ရန် လုပ်ငန်းအနေဖြင့် အမှတ်(၂) လမ်းမကြီးကောင်းမွန်စေရေး ဆောင်ရွက်ခြင်းနှင့် မြို့ပြင်ပတ်လမ်း အပိုင်း(၁)ဖြစ်သည့် အမှတ်(၇)လမ်းမကြီးအား အဆင့်မြှင့်တင်ခြင်းတို့ဖြစ်သည်။

**✻ ကျောဖုံးမှ**

ကျန်တဲ့ သုံးယောက်ကိုတော့ အပြင်းအထန် ဒဏ်ရာရလို့ ဆေးရုံပို့လိုက်ရတယ်” ဟု ဖြိုဖျက်ရာ၌ ပါဝင်လုပ်ကိုင်နေသည့် အလုပ်သမားတစ်ဦးက ရှင်းပြသည်။

ထိုဖြစ်စဉ်ကြောင့် နေရာ၌သေဆုံးသွားသူမှာ ထွန်းလွင်မျိုး အသက်(၂၀)နှစ်ခန့်ဖြစ်ပြီး မိုးကျော်သူ(၂၇)နှစ်၊ သီဟမျိုးလွင်(၂၀)နှစ်နှင့် ရှိန်းကိုကို (၂၁)နှစ်တို့ သုံးဦးမှာ ဒဏ်ရာများဖြင့် ပြင်းထန်သဖြင့် ဆေးရုံသို့ပို့ဆောင်စဉ် မိုးကျော်သူနှင့် ရှိန်းကိုကိုတို့မှာလည်း သေဆုံးသွားကြောင်း ဆေးရုံ၌ လိုက်ပါကူညီပေးနေသည့် အလုပ်သမားတစ်ဦးက ပြောကြားခဲ့သည်။

အဆိုပါလုံးချင်းနှစ်ထပ်တိုက်ကို မေ ၂၈ ရက်တွင် စတင်ဖြိုဖျက်သည့် လုပ်ငန်းများ လုပ်ကိုင်ခဲ့ကြခြင်းဖြစ်ပြီး ဝါးခယ်မဘက်မှ အလုပ်သမား ၁၁ ဦး၊ ပြည်ဘက်မှ အလုပ်သမားနှစ်ဦး ပါဝင်လုပ်ကိုင်ကြခြင်းဖြစ်ကြောင်း၊ ဖြိုဖျက်လုပ်ဆောင်ကြရင်း တစ်လခန့်ကြာမြင့်လာစဉ် ယခုကဲ့သို့ ကြုံကြရခြင်းလည်းဖြစ်ကြောင်း သိရသည်။ “ဒီလ ၂၈ ရက်ဆိုရင် တစ်လပြည့်တော့မယ်၊ ဒီထက်မြင့်မားတဲ့ဟာတွေကို ဖြိုချတုန်းက ဘာမှမဖြစ်ဘဲ အခုကျမှ ဒီလိုဖြစ်သွားရတာ။ ပွဲချင်းပြီး ဆုံးပါးသွားတဲ့ ကောင်လေးဆိုရင် အလုပ်သမားတွေထဲမှာ အဖော်ရွေဆုံးပဲ၊ ဒီလိုဖြစ်သွားတော့ တော်တော်လေးစိတ်မကောင်းဖြစ်ရတယ်” ဟု အဆိုပါ ဖြိုဖျက်နေသော အလုပ်သမားများကို ထမင်းချက်ကျွေးသည့် အမျိုးသမီးတစ်ဦးက ကြေးမုံသို့ရှင်းပြခဲ့သည်။

လွန်ခဲ့သောနှစ်ကလည်း ရန်ကုန်မြို့ တာမွေမြို့နယ် ကျောက်မြောင်းဈေးလမ်းတွင် ဖြိုချနေသည့် တိုက်အရှေ့ဝရန်တာ ကွန်ကရစ်တုံးများပြိုကျရာမှ ထမင်းချက် အမျိုးသမီးတစ်ဦး သေဆုံးသွားသော ဖြစ်ရပ်တစ်ခု ဖြစ်ပေါ်ခဲ့ဖူးကြောင်း သိရသည်။ **(ထက်ခိုင်-စမ်းချောင်း)**

## ဥတုရာသီ တောကိုမှီ၍

ဖတ်စရာ၊ မှတ်စရာ

# လွမ်းစရာလေးတွေကို . . .

မိမိနေရာရုံးခန်းမှ လမ်းတစ်ဖက်သို့လှမ်းကြည့်လိုက်လျှင် "မြောက်ဦးရခိုင်၊ လက်ညှစ်မုန့်တီဆိုင်" ဆိုင်းဘုတ်ကို အထင်းသားမြင်တွေ့နေရသည်။ ညနေ ၃ နာရီဝန်းကျင် ဈေးလာရောင်းနေကြသော တက်တက်ကြွကြွ လူငယ်တစ်စု။ မွေးရပ်မြေက ကလေးတွေမို့ ရခိုင်မုန့်တီသုပ် စပ်စပ်ကလေးဝယ်စားရင်း စပ်စပ်စုစုမေးကြည့်မိသည်။ သူတို့လေးတွေ မြောက်ဦးမြို့ပေါ်က မဟုတ်ကြ။ "ညောင်ပင်လယ်" ဆိုသည့် တောရွာလေးကနေ မဟာရန်ကုန်သို့ စွန့်စွန့်စားစား နှင့် အခြေချလာကြသူများ။

မြောက်ဦးမြို့နယ်တွင် "ပြောင်းပြာ ညောင်ပင်လယ်" နှင့် "ကလပုန်း ညောင်ပင်လယ်" ဟူ၍ရှိရာ တိုက်တိုက်ဆိုင်ဆိုင် ဤကလေးများသည် မိမိ၏ ကျောင်းဆရာဘဝစတင်ခဲ့သည့် ကလပုန်းညောင်ပင်လယ်က ဖြစ်နေသည်။ ကလပုန်းကျွန်းသည် မြောက်ဦးမြို့နယ် အစွန်အဖျား ကုလားတန်မြစ်ကမ်း နံဘေးမှာတည်ရှိသည်။ တစ်ဖက်ကမ်း ပုဏ္ဏားကျွန်းမြို့နှင့် လက်တစ်ကမ်း အကွာမှာရှိနေ၍ ကျွန်းသူကျွန်းသားများ လှေကလေးဖြင့် မြစ်ကိုဖြတ်ကူးကာ နေ့ချင်းပြန်ဈေးသွားဈေးဝယ် အဆင်ပြေနေသောမြို့ဖြစ်သည်။ မြောက်ဦးမြို့နှင့် အလှမ်းဝေးကွာလွန်း၍ မရောက်ဖူးသူများသည်။ ရခိုင်မင်းများ ထီးနန်းစိုက်ခဲ့ရာ ရှေးဟောင်းမြို့မို့ ဘုရားဖူးသွားချင်၊ ရောက်ဖူးချင်ကြသော်လည်း မရောက်ဖူးဘဲသေဆုံးသွားကြရသူများ ဒုနှင့်ဒေး။ ခေါင်လွန်းချောင်ကျလွန်းသည့် နေရာ။

ကလပုန်းကျွန်းတွင် ညောင်ပင်လယ်ကျေးရွာအပါအဝင် နတ်ချောင်း၊ ဂျင်ချေ၊ ဇီးပင်ကြီး၊ ကျွန်းဖျား(ခ)ရဲဖျားနှင့် သာယာကုန်းဟူ၍ ရွာခြောက်ရွာရှိသည်။ ရဲဖျားရွာသည် မိမိကျောင်းဆရာဘဝ အစပြုခဲ့ရာ ဘူမိနက်သန်။ ၁၉၆၉ ခုနှစ်တွင် ဤရွာလေးမှာ ကျောင်းဆရာဘဝစတင်ခဲ့ပါသည်။ ဝေးလံခေါင်သီ ဤရွာလေးသို့ မြောက်ဦးမြို့မှ ခြေကျင်သွား၍မရပါ။ မြစ်ချောင်းအင်းအိုင်ပေါများသော ရခိုင်ဒေသ၏ထုံးစံ ရေလမ်းခရီးသာလမ်းပန်းဆက်သွယ်ရေး၏ ပင်မအသက်သွေးကြော။ ဦးစွာ မြောက်ဦးမြို့မှ "ပြတဲရွာ"သို့ တစ်နာရီခရီး သင်္ဘောစီးရသည်။ ထိုမှတစ်ဆင့် တစ်နာရီကျော် လှေကလေးကိုလှော် "စက်သားရွာ"သို့ ခရီးဆက်ရသည်။ ထိုရွာမှာတစ်ညအိပ်။ နောက်တစ်နေ့ လှေကလေးနှင့်ပင် တစ်နာရီခရီးနှင်ပြီးမှ ကျွန်းဖျား(ခ)ရဲဖျားရွာသို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ပါသည်။

အိမ်နှင့်မခွဲဖူးသော မိမိသည် တာဝန်တွန်းအားကြောင့်သာ မတတ်သာ ရောက်လာခဲ့ရသော်လည်း စိတ်အားငယ်နေမိသည်။ သွားစရာနေရာမရှိ။ အိမ်နှင့်ကျောင်း၊ ကျောင်းနှင့်အိမ် သံသရာလည်နေရသည်။ ရွှံ့ညွန်တောတွေ ပတ်လည်ဝန်းရံထားသော ဤရွာကလေးမှာ မြင်စရာ ရှုစရာ လှမ်းမျှော်ကြည့်စရာ မြင်ကွင်းဆို၍ ဟိုအဝေးကုလားတန်မြစ်တစ်ဖက်ကမ်းမှ "ဘဲငါးရာ" တောင်ထွတ်တစ်ခုသာရှိသည်။ မိုးရာသီတစ်လျှောက်လုံးတွင် ဖြူလွလွမိုးမြူဇာပဝါပါးလေးကို လွှမ်းခြုံလုပနေတတ်သလို ဆောင်းကာလများတွင်လည်း နှင်းခမောက်ဆောင်းလျက် အလှမာန်ဝင့်ရှိနေတတ်သည်။ နွေတစ်လျှောက်နေရှိန်တံလျှပ်အောက်မှာ မြူပါးပါးလေးသိုင်းဖက်ပွေ့ထား၍ မြင်ကွင်းဝိုးတဝါး မထင်မရှား ရှိနေတတ်သည်။ ရာသီလိုက်၍ ပြောင်းလဲနေတတ်သော ဘဲငါးရာတောင်ထွတ်၏ သဘာဝအလှ။ ယနေ့ထိမြင်ယောင်နေဆဲ။

ဒေသ၏ လမ်းပန်းဆက်သွယ်ရေးအခြေအနေကြောင့် တစ်လမှတစ်ခါ အိမ်သို့ပြန်ရသည်။ အစားဆင်းရဲ၊ အနေဆင်းရဲဒဏ်ကို လူငယ်ပီပီ တောင့်ခံနိုင်သော်လည်း အိမ်လွမ်းသည့် ဝေဒနာကိုကား ခံနိုင်ရည်မရှိဖြစ်လာသည်။ ပုံမှန်လည်ပတ်နေသော နေ့တွေ၊ အချိန်တွေအားလုံးသည် မိမိအတွက် ရှည်လျားလွန်းပြီး စိတ်ပန်းလူပန်းဖြစ်နေရသည်။ "လိုလျှင်ကြံဆ နည်းလမ်းရ" "တွေးဆအိပ်ပျော် တစ်ရေးနိုးသော် အဖြေပေါ်" စိတ်၏ ဖြေရာထွက်ပေါက်ကို တွေ့လာခဲ့သည်။ ပျင်းရိငြီးငွေ့ဖွယ် ကုန်နိုင်ခဲသောအချိန်တွေကို တန်ဖိုးရှိစွာ အသုံးချ ပုံမှန်လည်ပတ်သည်။ **"စာဖတ်ခြင်း"**။ တစ်လတစ်ခါ ဖတ်စရာစာအုပ်တွေ ကျောပိုးအိတ်အပြည့် ရွာသို့သယ်လာခဲ့သည်။ ၁၀ ရက်လောက်ဆို ဖတ်ပြီးသွားပြီ။ စာတစ်အုပ်ကို နှစ်ကြိမ်၊ သုံးကြိမ်မက ပြန်ဖတ်ဖြစ်သည်။ ကျွန်းဖျားရွာမှာ ခုနစ်နှစ်တာကာလသည် မိမိအား စာမဖတ်လျှင် မနေနိုင်လောက်အောင်ထိ စွမ်းဆောင်ပေးနိုင်ခဲ့သည်။ "စာကြမ်းပိုး" ဖြစ်စေခဲ့သည်။ မိမိဘဝ တစ်ဆစ်ချိုး ကောင်းသောအလှည့်အပြောင်းတစ်ခုပါ။

ထိုစဉ်က စာရေးဆရာကြီးများဖြစ်ကြသည့် လင်းယုန်မောင်မောင်၊ တက္ကသိုလ်ဘုန်းနိုင်၊ သိန်းဖေမြင့်၊ သခင်တင်မြ၊ သခင်မြသန်းစသည့် ဤပုဂ္ဂိုလ်များသည် မိမိ၏ မြင်ဆရာ၊ ကြားဆရာအနန္တဂိုဏ်းဝင်များ၊ ဆရာကြီး လင်းယုန်မောင်မောင်၏ စာပေနှင့် မိတ်ဆက်ပေးမှုကြောင့် မော်စီတုံး၊ ဟိုချီမင်း၊ ချေဂွေဗားရား၊ ကက်စထရို၊ ပက်ထရစ်လူမွန်းဘားစသည့် ပုဂ္ဂိုလ်ထူးတွေနှင့် ရင်းနှီးကျွမ်းဝင်ရှိခဲ့ဖူးပါသည်။ သတင်းစာဆရာပီပီ ဆရာကြီး၏ ထူးခြားစွမ်းရည်အရေးအသားတစ်ခုမှာ အကြောင်းအရာတစ်ခုကို စိတ်ဝင်စားဖွယ် ခေါင်းစဉ်လေးပေးပြီး ရေးသားတတ်မှုသည် ယခု မိမိ၏ စာပေခရီးတွင် ကြီးစွာအထောက်အကူဖြစ်စေခဲ့ပါသည်။

အရေးအသားညက်ညက်ညောညောနှင့်ဗဟုသုတကုံလုံပြည့်ဝ အတုယူစရာ ဆရာကြီးတက္ကသိုလ်ဘုန်းနိုင်၏ စာပေများ၊ ဆရာကြီး၏ "လွမ်းတေးမဆုံးစေနှင့် စောသခင်" ဝတ္ထုကိုဖတ်ပြီး လူငယ်ပီပီ တစ်လလောက် လွမ်းတမြည့်မြည့် ခံစားခဲ့ရသည်ကို အမှတ်ရနေမိပါသည်။

မြန်မာနိုင်ငံရေးသမိုင်း တစ်ပိုင်းတစ်စကို လှစ်ပြနိုင်ခဲ့သော ဆရာကြီး သိန်းဖေမြင့်၏ "အရှေ့ကနေဝန်းထွက်သည့်ပမာ" ဂန္ထဝင်မြောက် ဝတ္ထုစာအုပ်နှင့် သခင်တင်မြ၏ "ဘုံဘဝမှာဖြင့်" စာအုပ်များကိုလည်း စွဲစွဲလမ်းလမ်းဖတ်လေ့လာဖြစ်ခဲ့ပါသည်။

ထိုထိုသော ပုဂ္ဂိုလ်များသည် မိမိဘဝ စာပေခရီး၏ ဗွေဆော်ဦးပဲ့ကိုင်ရှင်၊ မိမိဘဝခရီးတစ်လျှောက်လုံးမှာ အရိပ်ပမာလွှမ်းမိုးနိုင်ခဲ့သူများ၊ သခင်တင်မြမှအပ ဆရာကြီးများအားလုံးနီးပါး ကွယ်လွန်သွားခဲ့ကြပြီဖြစ်သော်ငြားလည်း မိမိရင်ထဲ ထာဝရရှင်သန်နေဆဲပါ။

"လွမ်းစရာတွေ့လျှင် နာစရာနှင့်ဖြေ"ဟူ၍ ဖြေလျှော့နည်းတစ်မျိုးကြားဖူးပါသည်။ မိမိအတွက်ကား ထိုသို့မဟုတ်ခဲ့ပါ။ အိမ်လွမ်းဝေဒနာ"လွမ်းစရာကို စာပေနှင့်ဖြေ" နေပျော်ခဲ့ဖူးပါသည်။ ဘဝတစ်သက်တာလုံးအတွက် လက်ဆောင်မွန်"စာဖတ်ခြင်းဝါသနာ ရတနာတစ်ပါး"ကို အိမ်လွမ်းဝေဒနာမှ ဖွားသန့်စင်ပေး ရယူနိုင်ခဲ့ပါသည်။

စာရှုသူများ မိမိလို လွမ်းစရာလေးတွေ ကြုံလာပါက နာစရာတွေနှင့် ချေဖျက် ချွေးသိပ်မနေဘဲ စာပေနှင့်ဖြေ စိတ်ဓာတ်စွမ်းရည်မြှင့်တင်နိုင်ကြပါစေ။ ။

**အောင်ကျော်ညို(ဆင်ချဆိပ်)**

# အခြေခံပညာမူလတန်းဆင့် ပညာရည်မြင့်မားရေး အလုပ်ရုံဆွေးနွေး

**နေပြည်တော် မေ ၂၅**

ရခိုင်ပြည်နယ် အခြေခံပညာမူလတန်းဆင့် ပညာရည်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲ အခမ်းအနားကို မေ ၂၁ ရက် နံနက် ၈ နာရီတွင် စစ်တွေမြို့ အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်း မဟာပညာကျော်ခန်းမ၌ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်က ရခိုင်ပြည်နယ်၏ အခြေခံပညာရေးကဏ္ဍ မြင့်မားတိုးတက်စေရေးအတွက် ယနေ့ပြုလုပ်သော အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ပညာရှင်အငြိမ်းစား ဆရာကြီး ဆရာမကြီးများက မိမိတို့ ဖြတ်သန်းကြုံတွေ့ခဲ့ရသည့် ပညာရေးအတွေ့အကြုံ၊ အတွေးအခေါ် အကြံဉာဏ်ကောင်းများကို လက်ဆင့်ကမ်းမျှဝေပေးပြီး ဆွေးနွေးဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း၊ ယခုဆွေးနွေးပွဲတွင် အမှန်တကယ်ပြုပြင်ပြောင်းလဲဆောင်ရွက်ရမည့် အချက်များ၊ လုပ်ဆောင်ရမည့် နည်းလမ်းများကို လက်တွေ့ဘဝနှင့် ထင်ဟပ်ပြီး ဆွေးနွေးလေ့လာ သုံးသပ်ဆုံးဖြတ်ချက် ချမှတ်ကာ ပြည်နယ်၏အခြေခံပညာမူလတန်းဆင့်ကဏ္ဍ မြင့်မားတိုးတက်ရေးကို ပြည်နယ်အတွင်းရှိ မြို့နယ်များ၊ ကျောင်းများအားလုံး လက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်နှင့် ကြပ်မတ်စစ်ဆေးသူများကလည်း အချိန်နှင့်တစ်ပြေးညီ ကြပ်မတ်စစ်ဆေးပြီး ကိုယ်စွမ်း ဉာဏ်စွမ်းရှိသမျှ စွမ်းအားစိုက်ထုတ် ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားသည်။

ယင်းနောက် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာအောင်ကျော်မင်းက ရခိုင်ပြည်နယ်ပညာရည်မြင့်မားရေးဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ခရိုင်/မြို့နယ်များမှ ဆရာ ဆရာမများတက်ရောက်ကြကာ ပညာရှင်များက စာတမ်း ကိုးစောင်ကို ဖတ်ကြားကြပြီး မေ ၂၃ ရက်အထိ ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဆရာဝန်အသင်း ဆေးပညာဆွေးနွေးပွဲကျင်းပမည်

**ရန်ကုန် မေ ၂၅**

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) အထွေထွေရောဂါကုဆရာဝန်များအဖွဲ့ကကြီးမှူး၍ အထွေထွေရောဂါ/မိသားစု ကျန်းမာရေးစောင့်ရှောက်မှု ဆေးပညာရပ်ဆိုင်ရာဆွေးနွေးပွဲ (2nd Continuing Professional Development Forum 2013)ကို ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမဆောင်(ဘီ)၌ မေ ၂၉ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂ နာရီခွဲတွင် ကျင်းပမည်ဖြစ်သည်။

မိသားစုကျန်းမာရေးစောင့်ရှောက်မှု ဆေးပညာစာတမ်းများဆွေးနွေးခြင်း၊ အထူးကုဆရာဝန်ကြီးနှင့် တွေ့ဆုံခြင်းအစီအစဉ် "Practical approach to common medical emergencies in general practice" တို့ ပါဝင်မည်ဖြစ်ရာ စိတ်ပါဝင်စားသောဆရာဝန်များ တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

TV
Laurel Art Academy

BOSS
Laminate Flooring
Ph : 01-8603151,01-8603389, 09-5426261,09-73152381

တန် ဖိုး ရှိ လှ လူ ငယ် ဘ ဝ မူး ယစ် ကင်း စင် ကျန်း မာ မှ




City Mart
KLUGER
Red Link

# ၂၀၁၃-၂၀၁၄ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ

**နေပြည်တော်  မေ  ၂၅**

၂၀၁၃-၂၀၁၄ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို မေ ၂၃ ရက် နံနက် ၈ နာရီတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း သီရိမင်္ဂလာခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူက မေ ၂၇ ရက်မှ ၃၁ ရက်အထိ ကျောင်းအပ်နှံရေး သီတင်းပတ်အဖြစ်သတ်မှတ်ပြီး တစ်နိုင်ငံလုံး အတိုင်းအတာအရ ကျောင်းအပ်နှံရေးအခမ်းအနားများကို တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် မြို့နယ်များတွင် ကျင်းပရန် ဖြစ်ကြောင်း၊ ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းနေရေးလုပ်ငန်းများတွင် ဒေသအာဏာပိုင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မိဘပြည်သူများနှင့် ပညာရေးစေတနာရှင်များ၏ ပူးပေါင်းပါဝင်လှူဒါန်းမှုများမှာ တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်လာကြောင်း၊ ယခု ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှာလည်း ယခင်နှစ်နည်းတူ စာအုပ်များအပြင် ငွေကျပ်တစ်ထောင်စီကိုပါ နိုင်ငံတော်က ပညာသင်ထောက်ပံ့ကြေး ပေးသွားမည်ဖြစ်ကြောင်း၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပညာရေးစေတနာရှင်များအနေဖြင့်လည်း ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ မိဘများနှင့် ပူးပေါင်းပြီး ကျောင်းနေအရွယ်ကလေးတိုင်း အခြေခံပညာအဆင့်အလိုက် သင်ယူပြီးမြောက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံလိုကြောင်း၊ အခြေခံပညာကျောင်းအုပ်များ၊ ဆရာ ဆရာမများအနေနှင့် ကျောင်းနေသည့် ကလေးတိုင်း ကျောင်းနေမြဲပြီး သင်ယူတတ်မြောက်မှု အရည်အသွေးမြင့်မားရေးအတွက် ကျောင်းတွင်းစီမံခန့်ခွဲမှုနှင့် သင်ကြားရေးလုပ်ငန်းများကို ဟန်ချက်ညီညီ အပြည့်အဝ ကြိုးပမ်းဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးအေးကြူ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်နှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်တို့က ပညာသင်ဆုရ ကျောင်းသား ကျောင်းသူများအား ပညာသင်ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဒေါက်တာသန်းအောင်က မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများအတွက် နိုင်ငံတော်မှ ထောက်ပံ့သည့် ကျောင်းသုံးစာအုပ်များနှင့် လေ့ကျင့်ခန်းစာအုပ်များကို ပေးအပ်လှူဒါန်းရာ မြို့နယ်ပညာရေးမှူးများက လက်ခံသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော် အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်း၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းများသို့ သွားရောက်ပြီး ၂၀၁၃-၂၀၁၄ ပညာသင်နှစ် ကျောင်းအပ်နှံနေမှုများကို ကြည့်ရှုကာ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများအား ကျောင်းသုံးဗလာစာအုပ်များကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## သမီးကလေး သားကလေး တစ်သက်တာ သန္ဓေစွမ်းဆေး

○ သမီးကလေးဝတုတ်တုတ်
သားကလေးဝတုတ်တုတ်
ရယ်လိုက်တာကိုယ်ကလေးလှုပ်
လက်ကလေးဆုပ်ပြီး ရှင်မြူးပျော်
ကလို့ခုန်လို့ သီချင်းတကျော်ကျော်။

○ အမြဲပျော်တာဘာကြောင့်လဲ
ကာကွယ်ဆေးရဲ့ကျေးဇူးပဲ။

○ အမြဲကျန်းမာဖို့ လိုလိမ့်မယ်
မပျက်မကွက်တိုက်ရမယ်
တစ်ခက်နှစ်ခက် အစက်ချပေး
ပိုလီယိုရောဂါ ကာကွယ်ဆေး
တစ်သက်တာ သန္ဓေစွမ်းရမယ်လေး။

ယုဝတီခင်ဦး



## နှမ်းစပါးဈေးကောင်းရ၍ တောင်သူများပျော်ရွှင်

**ရေတာရှည်  မေ  ၂၅**

တောင်ငူခရိုင် ရေတာရှည်မြို့နယ်တွင် နှမ်းစပါးရိတ်သိမ်းလျက်ရှိရာ နှမ်းစပါးများ ဈေးကောင်းရရှိကြောင်း ပေါင်းချောင်းကျေးရွာ နှမ်းစပါး ၁၅ ဧက စိုက်ပျိုးသောတောင်သူ ဦးအောင်ဇော်မိုးထံမှ သိရသည်။

"ဒီနှစ်စပါးဈေးက ယခင်နှစ်ကနဲ့ မတူဘူး ယခင်နှစ်က တင်း ၁၀၀ ကို ငွေကျပ် ၂၇၀၀၀၀ ဝန်းကျင်ပဲ ရောင်းရတယ်။ အမြတ်သိပ်မကျန်ဘူး။ ဒီနှစ်ကတော့ ထိုင်းကောက်စပါးမျိုး စိုက်တာ တစ်ဧကကို တင်း ၁၀၀ ကျော် ထွက်တယ်။ ဈေးကလည်း ငွေကျပ် ၄၂၀၀၀၀ ဝန်းကျင်ပေါက်ဈေးရှိတယ်။ ယခုလို စပါးဈေးကောင်းတော့ ကျွန်တော်တို့လို တောင်သူတွေ ပျော်ရွှင်ရပါတယ်"ဟု နှမ်းစပါးစိုက်တောင်သူတစ်ဦးထံမှ သိရသည်။ **(အပေါ်ပုံ)** **(ဝေဖြိုးနိုင်)**

## ယာဉ်လိုင်းအရေအတွက် များပြားမှုကို ကျစ်ကျစ်လျစ်လျစ်စုဖွဲ့ သွားမည်

**ရန်ကုန်  မေ  ၂၅**

ရန်ကုန်တိုင်း ဒေသကြီးအတွင်း ပြေးဆွဲနေသော ခရီးသည်တင်ယာဉ်လိုင်းများတွင် ယာဉ်လိုင်းအရေအတွက် များပြားနေမှုကို ကျစ်လျစ်စွာ ပြန်လည်စုဖွဲ့သွားရန်ရှိကြောင်း မထသ(ဗဟို)ဥက္ကဋ္ဌ ဦးလှအောင်က ပြောသည်။

"တချို့လိုင်းတွေကျတော့ လိုင်းတော့ယူထားတယ်၊ ယာဉ်မရှိဘူး၊ တချို့လိုင်းတွေကျတော့ ပြေးနေတဲ့ယာဉ်က အခုဆိုရင် တစ်စီးနှစ်စီးလောက်နဲ့ လိုင်းယူထားတာတွေရှိတယ်၊ တကယ်တော့ ထိရောက်တဲ့ ပို့ဆောင်မှုမဖြစ်ဘူး"ဟု ၎င်းကဆိုသည်။

ရန်ကုန်မြို့တော်အတွင်း သယ်ယူပို့ဆောင်မှုစနစ်များ အဆင်ပြေချောမွေ့စေရန် လုပ်ဆောင်ရာတွင် လက်ရှိရှိနေသည့် ယာဉ်လိုင်းပေါင်း ၃၉၅ လိုင်းမှပြန်လည်၍ ကျစ်ကျစ်လျစ်လျစ်ဖြစ်စေရန် စုဖွဲ့လုပ်ဆောင်သွားရန် စီစဉ်ထားခြင်းဖြစ်သည်။ "လောလောဆယ်မှာတော့ ဘယ်ယာဉ်လိုင်းကို ဖျက်ပြီး ဘယ်ယာဉ်လိုင်းကို အစားထိုးတာမရှိသေးပါဘူး"ဟု ၎င်းက ရှင်းပြသည်။

ယာဉ်အို ယာဉ်ဟောင်းအစားထိုးသော အစီအစဉ်အရ အချို့သောလိုင်းများတွင် အပ်နှံလိုက်သည့် ယာဉ်များကာ ခရီးသည်များသွားလာမှု အဆင်ပြေစေရန် အပ်နှံလိုက်သော ယာဉ်များ ပြေးဆွဲသည့်လမ်းကြောင်းများမှ အခြားယာဉ်လိုင်းများကို ဖြတ်သန်းပြေးဆွဲစေခြင်းများရှိကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးရှိ ခရီးသည်တင်ယာဉ်များတွင် သုံးစွဲရန် ချထားပေးသော သဘာဝဓာတ်ငွေ့ ကုဗပေ တစ်သန်း အစီအစဉ်အရ ခရီးသည်တင်ယာဉ်လိုင်းများအတွင်း အဆင့်အတန်းမြင့်သော ယာဉ်ကြီးများ ရောက်ရှိလာတော့မည်ဖြစ်ရာ ဒိုင်နာ၊ ဟိုင်းလပ်များဖြင့် ပြေးဆွဲသော မြို့ပြသယ်ယူပို့ဆောင်ရေး စနစ်တွင် အဆင့်မြင့် စီးတီးဘတ်စ်ယာဉ်ကြီးများဖြင့် လုံခြုံစိတ်ချရသော ဝန်ဆောင်မှုမျိုး ပေးစွမ်းလာနိုင်တော့မည်ဖြစ်သည်။

ပြည်သူများ သွားလာပို့ဆောင်ရေး အဆင်ပြေစေရန် ညှိနှိုင်းလုပ်ဆောင်ခြင်း၊ အခြားသောနိုင်ငံများရှိခရီးသည်တင်ယာဉ်ပို့ဆောင်မှုစနစ်များကို နမူနာယူလေ့လာခြင်း၊ ယင်းနိုင်ငံများတွင် ခရီးသည်တင်ယာဉ်ပို့ဆောင်မှု စနစ်၌ အားနည်းချက်များကို ကျော်လွန်ကာ စီစဉ်ဆောင်ရွက်နေခြင်းကြောင့် အခြားသောနိုင်ငံများနောက်မှ လုပ်ဆောင်ရသော်လည်း အားသာချက်များ ရှိနိုင်ကြောင်း ၎င်းက ဆက်လက်ရှင်းပြခဲ့သည်။

**ထက်ခိုင်(စမ်းချောင်း)**

## မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုတိုးတက်ရေး ဟောပြော

**လယ်ဝေး  မေ  ၂၅**

နေပြည်တော် ကော်စီနယ်မြေ လယ်ဝေးမြို့နယ် မွေး/ကု ဦးစီးဌာနမှ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်ရေးအတွက် အသိပညာပေး ဟောပြောပွဲကို မေ ၂၁ ရက် နံနက် ၉ နာရီက လယ်ဝေးမြို့နယ် ပင်သောင်အုပ်စု နန္ဒွင်းအိုင်ကျေးရွာ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် နေပြည်တော် ကော်စီနယ်မြေ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာစိုးသိန်းက အဖွင့်အမှာစကားပြောကြားပြီး လယ်ဝေးမြို့နယ် မွေး/ကုဌာနမှ မြို့နယ်ဦးစီးမှူး ဒေါက်တာအောင်သူထွန်း၊ ဒုတိယဦးစီးမှူး ဒေါက်တာကိုကိုစမ်းမောင်တို့က နို့စားနွားမွေးမြူရေး၊ ကြက်၊ ဝက်၊ ဘဲ မွေးမြူရေး၊ မေထုံမဲ့သားစပ်လုပ်ငန်း အခမဲ့ဆောင်ရွက်ပေးခြင်း၊ တိရစ္ဆာန်များတွင် ဖြစ်ပွားတတ်သော ကူးစက်ရောဂါများ အကြောင်းကို ပညာပေးဟောပြောပြီး ငါးလုပ်ငန်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအုန်းသန်းက ငါးမွေးမြူရေးအကြောင်း ပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**ခင်သူဇာလှိုင် (MP)**




**အမည်ပြောင်းခြင်း**

ပျဉ်းမနားမြို့နယ်၊ အထက(၃)၊ ဥယျာဉ်စုကျောင်း၊ န၀မတန်းမှ အဖ ဦးအောင်မြင့်စိန်၏သမီး မဖြိုးသီတာအောင်အား မလင်းအိမြတ်ဟု ပြောင်းလဲခေါ်ပါရန်။

မလင်းအိမြတ်

**ပျောက်ဆုံးခြင်း**

PRIME NETWORKS INTERNA-TIONAL CO.,LTD. ၏ ကုမ္ပဏီကတ်မှုရင်း- ၇၉၅(၁၆-၈-၂၀၁၀) မှာ ပျောက်ဆုံး၍ တွေ့ ရှိက ပေးပို့ပါရန်။

**Ph:203023, 203496**

**ကျေးဇူးဆပ်ပါမည်**

ကျွန်တော်ဦးအာရစ် (အဖ)ဦးအီကဘီ၏ P.PNo(611345) ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉၄၉၂၅၅၉၉၆

**Warehouse တည်ဆောက်ရန်ကိစ္စ တင်ဒါခေါ်ယူခြင်း**

Dangon Seikkan International Logistics Co., Ltd(DIL) မှ ဒဂုံဆိပ်ကမ်းမြို့နယ်တွင် (40m x 50m) Warehouse များ တည်ဆောက်လိုပါသဖြင့် စိတ်ပါဝင်စားသော ဆောက်လုပ်ရေးလုပ်ငန်းစုများ၊ ကုမ္ပဏီများမှ အောက်ပါဆက်သွယ်ရန် ဖုန်းနံပါတ်များ၌ စုံစမ်းနိုင်ပါသည်။

ဖုန်း-၀၁-၅၉၃၆၃၃၊ ၀၉ ၇၃၁၀၆၃၄၉

**ဝန်ထမ်းအလိုရှိသည်**

**(ကျပ်ငွေဖြင့်ပြည်တွင်း၌သာခန့်ထားရန်)**

(၁) Cashier  မ/၁ ဦး
ရန်ကုန်တွင်တာဝန်ထမ်းဆောင်ရန်
(၂) စာရင်းကိုင်  မ/၁ ဦး
နေပြည်တော်တွင် တာဝန်ထမ်းဆောင်ရန်
အမှတ်စဉ်(၁)နှင့်(၂)အတွက် Computer တတ်ကျွမ်းရမည်။
အမှတ်စဉ်(၁)အတွက် Any Graduate အသက်(၂၀)မှ(၂၅)အတွင်း
အမှတ်စဉ်(၂)အတွက် Any Graduate အသက်(၂၅)မှ (၃၀)အတွင်း LCCI Level(III) အောင်ရမည်။

**ဖုန်း-၀၁၄၀၁၄၀၅**

**လွှတ်တော်ရုံး**

**ရုံးအမှတ်(၂၀)၊ နေပြည်တော်**

**(၂၀၁၃ ခုနှစ်၊ မေလ ၂၆ ရက်)**

**ဒုတိယဦးစီးမှူးရာထူးနှင့်အငယ်တန်းစာရေးရာထူးနေရာများအတွက် အရည်အချင်းစစ်စာမေးပွဲအချိန်စာရင်းကြေညာခြင်း**

၁။ ၂၀၁၃ ခုနှစ်၊ မေလ ၁၀ ရက်ထုတ် ကြေးမုံသတင်းစာနှင့်မြန်မာ့အလင်းသတင်းစာများတွင် ကြေညာခေါ်ယူထားသည့် လွှတ်တော်ရုံးတွင် လစ်လပ်လျက် ရှိသော အထက်ပါရာထူးနေရာများအတွက် လျှောက်ထားသူများအနက်မှ အရည်အချင်းစစ်စာမေးပွဲဖြေဆိုခွင့် ရရှိသူများစာရင်းကို ၂၆-၅-၂၀၁၃ ရက်မှစ၍ ရုံးအမှတ်(၂၀) လွှတ်တော်ရုံးတွင် ထုတ်ပြန်ကြေညာထားမည်ဖြစ်ပါသည်။

၂။ ဖြေဆိုခွင့်ရရှိသူများကို ၂၈-၅-၂၀၁၃ ရက်နှင့် ၂၉-၅-၂၀၁၃ ရက်များတွင် ရုံးချိန်အတွင်း ဖြေဆိုခွင့်ကတ်ပြားများကို ထုတ်ပေးမည်ဖြစ်၍ နိုင်ငံသားစိစစ်ရေးကတ်(မူရင်း)ဖြင့် လာရောက်ထုတ်ယူရန်ဖြစ်ပါသည်။

၃။ ဖြေဆိုရမည့်နေရာနှင့်အချိန်စာရင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ဖြေဆိုရမည့်နေ့ရက် - ၃၀-၅-၂၀၁၃ ရက်(ကြာသပတေးနေ့)
- ဖြေဆိုရမည့်နေရာ - လွှတ်တော်ဝင်း"ဝ"ဘုရားအနီး အမှတ်(၁)ဂိတ်မှဝင်ရန်
- ဖြေဆိုရမည့်အချိန်၊ ဘာသာရပ် - နံနက် ၉း၀၀ နာရီမှ ၁၀း၀၀ နာရီအထိ (မြန်မာစာ)
  နံနက် ၁၀း၃၀ နာရီမှ ၁၁း၃၀ နာရီအထိ (အင်္ဂလိပ်စာ)
  နံနက် ၁၂း၀၀ နာရီမှ ၁၃း၀၀ နာရီအထိ (အထွေထွေဗဟုသုတ)

၄။ အသေးစိတ်သိရှိလိုပါက လွှတ်တော်ရုံး၊ စီမံရေးဌာန ဖုန်း-၀၆၇-၄၀၉၄၃၃ နှင့် ၀၆၇-၄၀၉၄၃၁ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

(လူတွေ့ဖြေဆိုခွင့်ရရှိသည့် စာရင်းကို ထပ်မံကြေညာပါမည်)

# တွမ်ခရုဇ်၏အကူအညီဖြင့် ရုပ်ရှင်လောကဘက်သို့ ခြေဦးလှည့်လာဦးမည့် ဒေးဗစ်ဘက်ခမ်း

မကြာမီကမှ ဘောလုံးလောကမှ အနားယူသွားခဲ့သူ နာမည်ကျော်အားကစားသမား ဒေးဗစ်ဘက်ခမ်းအား ရုပ်ရှင်သရုပ်ဆောင်တစ်ဦးဖြစ်လာစေရန် ဟောလိဝုဒ်သရုပ်ဆောင် တွမ်ခရုဇ်က အစစအရာရာ ကူညီသွားမည်ဟု ကတိကဝတ်ပြုထားကြောင်းသိရသည်။

နာမည်ကျော်ဘောလုံးသမား ဒေးဗစ်ဘက်ခမ်းသည် ဘောလုံးလောကမှ အနားယူရန် ဆုံးဖြတ်ခဲ့ပြီးနောက် အခြားသော စိန်ခေါ်မှုတစ်ရပ် ရှာဖွေသည့်အနေဖြင့် Oblivion ဇာတ်ကားမှသရုပ်ဆောင် ဟောလိဝုဒ်စတား တွမ်ခရုဇ်၏အကူအညီဖြင့် ရုပ်ရှင်လောကသို့ခြေဦးလှည့်လာမည်ဖြစ်ကြောင်း သိရသည်။



National Enquirer မဂ္ဂဇင်း၏ သတင်းဖော်ပြချက်အရ ဒေးဗစ်ဘက်ခမ်းသည် အက်ရှင်ရုပ်ရှင်မင်းသားတစ်ဦး ဖြစ်ချင်ခဲ့ကြောင်းနှင့် မင်းသား တွမ်ခရုဇ်က ၎င်း၏ အိပ်မက်များ အမှန်တကယ်ဖြစ်လာစေရန် အကူအညီများပေးမည်ဟု အချိန်တော်တော်ကြာကတည်းက ကတိပေးထားခဲ့ကြောင်း၊ ဒေးဗစ်သည် အားကစားသမားဘဝကို ယခုအချိန်ထိ မြတ်နိုးနေဆဲဖြစ်ပြီး ယခုအချိန်သည် ဒေးဗစ်အတွက် ရုပ်ရှင်လောက၏ပြောင်မြောက်သော သရုပ်ဆောင်ကဏ္ဍများတွင်ပါဝင်ရန်အတွက် အသက်အရွယ်အားဖြင့် လုံလောက်မှုရှိသေးကြောင်း ဖော်ပြထားသည်။

ဒေးဗစ်ဘက်ခမ်းနှင့် ဇနီးဖြစ်သူ ဒီဗိုင်နာ ဗစ်တိုးရီးယား၊ မင်းသား တွမ်ခရုဇ်နှင့် ဇနီးဖြစ်သူ ကေတီဟုမ်းတို့သည် လွန်ခဲ့သည့်နှစ်ပေါင်းများစွာကတည်းက ခင်မင်ရင်းနှီးသော သူငယ်ချင်းများဖြစ်ကြပြီး ယခုလက်ရှိတွင် အားကစားအကျော်အမော် ဒေးဗစ်ဘက်ခမ်းက တွမ်ခရုဇ် ရိုက်ကူးမည့် Mission: Impossible 5 ဇာတ်ကားတွင် ပါဝင်ရန် မျက်စိကျလျက်ရှိနေကြောင်း သိရသည်။

ထို့ပြင် တွမ်ခရုဇ်သည် ရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်ပြီး ဒါရိုက်တာ Guy Ritchie ရိုက်ကူးမည့် The Man From U.N.C.L.E. ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ဖြစ်မည်မဟုတ်ကြောင်းနှင့် ပရိသတ်များစောင့်မျှော်နေသည့် Mission: Impossible 5 ဇာတ်ကားကို ယခုနှစ် နှစ်ကုန်ပိုင်းတွင် စတင်ရိုက်ကူးလိမ့်မည်ဖြစ်ကြောင်း သိရသည်။

ဖြိုးစန္ဒာမြင့် စုစည်းရေးသားသည်

ကျောင်းအပ်နှံရေးသီတင်းပတ်
မေလ (၂၇) ရက် မှ (၃၁) ရက်ထိ
ကျောင်းနေအရွယ်ကလေး ကျောင်းအပ်နှံရေး
ပြည်သူအားလုံး ပါဝင်ဆောင်ရွက်ပေး

# 2NE1 အဖွဲ့ဝင် CL ၏ တေးသီချင်းသစ် မကြာမီထွက်ရှိမည်



တောင်ကိုရီးယား ပေါ့ပ်ဂီတအဖွဲ့ 2NE1 အဖွဲ့မှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ CL က သူမ၏တစ်ကိုယ်တော်တေးသီချင်းတစ်ပုဒ်ကို လာမည့်အပတ်ထဲတွင် ဝိုင်ဂျီအင်န်တာတိန်းမန့်၏ တရားဝင်ဘလော့မှ စတင်ဖြန့်ချိမည်ဖြစ်ကြောင်း သိရသည်။

လေးနှစ်ကာလအတွင်း ပထမဆုံးသော Bad Girl အမည်ရှိ သူမ၏တစ်ကိုယ်တော်အယ်လ်ဘမ်ကို လာမည့် အင်္ဂါနေ့တွင် စတင်ဖြန့်ချိမည်ဖြစ်ကြောင်းနှင့် ယင်းအယ်လ်ဘမ်သည် လီဟိုရီ၏ သီချင်းသစ် Bad Girl နှင့် အမည်ချင်း တိုက်ဆိုင်နေသော်လည်း များစွာသော ဂီတသုံးသပ်သူများက ယခုထွက်ရှိလာမည့် အယ်လ်ဘမ်အသစ်သည် ထူးခြားမှုပိုမိုရှိလာမည်ဟု မျှော်လင့်ထားကြကြောင်း သိရသည်။

ဝိုင်ဂျီအင်န်တာတိန်းမန့်၏ ပြောကြားချက်အရ ယင်းသီချင်းများသည် အနေးသံစဉ်များကို အခြေခံထားသော်လည်း CL ကိုယ်တိုင်သီဆိုထားသည့် ရက်ပ်စာသားများပါဝင်သည့် အချို့သော သံစဉ်အသစ်များဖြင့် ရောစပ်ထားကြောင်း ပြောကြားခဲ့သည်။

CL သည် မကြာမီက သီချင်းသစ်၏ တေးသီချင်းဗီဒီယိုတွင်အသုံးပြုမည့် ကကွက်များအတွက် သီးသန့်အကသင်တန်းတက်ရောက်ရန် ဂျပန်နိုင်ငံသို့ ခရီးထွက်ခဲ့ပြီး ဂျပန်တွင်း အဝတ်အစားပိုင်းဆိုင်ရာနှင့် စတူဒီယိုပိုင်းဆိုင်ရာ အစည်းအဝေးတစ်ခုသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

# ရုရှားနိုင်ငံ၏ (၂၂) ကြိမ်မြောက် နိုင်ငံတကာရုပ်ရှင်ပွဲတော် နိုင်ငံပေါင်း၃၀မှ ဇာတ်ကားပေါင်း ၂၀၀ကျော်ပါဝင်ပြသ

ရုရှားနိုင်ငံ၏ (၂၂)ကြိမ်မြောက် Golden Knight နိုင်ငံတကာရုပ်ရှင်ပွဲတော်ကို မေ ၂၂ ရက်က ရုရှားနိုင်ငံ အရှေ့ဘက်ပိုင်းရှိ မြို့တော် Khabarovsk ၌ ကျင်းပခဲ့သည်။

အဆိုပါရုပ်ရှင်ပွဲတော်သို့ နိုင်ငံပေါင်း ၃၀ ကျော်မှ ရုပ်ရှင်ဇာတ်ကားအမျိုးအစားမျိုးစုံပါဝင်သည့် ဇာတ်ကားပေါင်း ၂၀၀ ကျော် ပါဝင်ပြသကြမည်ဖြစ်ပြီး ယင်းရုပ်ရှင်ပွဲတော်ကို ကိုးရက်ကြာကျင်းပသွားမည်ဖြစ်ကြောင်း ရုရှားနိုင်ငံ၏ အကြီး ဆုံးသောသတင်းအေဂျင်စီဖြစ်သည့် RIA Novosti မှ သတင်းထုတ်ပြန်ထားသည်။

ထို့ပြင် ယင်းရုပ်ရှင်ပွဲတော်၌ ပါဝင်ပြသမည့် အနုပညာရှင်အဖွဲ့ဝင်များနှင့် ဧည့်သည်တော်များအတွက် ဂီတပိုင်းဆိုင်ရာ အထူးသီးသန့်လေ့ကျင့်ခန်းများ၊ စားပွဲဝိုင်းဆွေးနွေးခန်းများနှင့် အစည်းအဝေးများပါ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

Golden Knight နိုင်ငံတကာရုပ်ရှင်ပွဲတော်ကို ၁၉၉၁ ခုနှစ်က စတင်ကျင်းပခဲ့ပြီး ယင်းပွဲတော်တွင် ရုပ်ရှင်ပိုင်းဆိုင်ရာ၊ ပြဇာတ်ပိုင်းဆိုင်ရာ၊ ဂီတနှင့် စာပေပိုင်းဆိုင်ရာများကိုလည်း လေ့လာနိုင်မည်ဖြစ်ကြောင်း သိရသည်။

Aye's Family Services Co.,Ltd
မှ ရှင်းလင်းကြေညာချက်
Aye's Family Co.,Ltd
Aye's Family Services Co., Ltd
Aye's Family Services Co., Ltd

Myanmar-Japan SEDA (ယာယီ) အသင်း
1.SKILLS TRAINING for EFFICIENT PRACTICES(STEP)
(Ph.D, Nagoya University)
(M.A, Nagoya University) (M.A, Sophia University)
Dr. Maung Maung Lwin (Ph.D, Economics)(Professor& Dean, Kumamoto Gakuin University)၊
Dr.Hirakawa Hitoshi (Ph.D, Management) (Professor, Nagoya University)
2.Intermediate Level ဂျပန်ဘာသာသင်တန်း
Mr. Tauchi Katsuhito
Myanmar-Japan SEDA Office
★ MMJP SEDA မှ သင်တန်းဆင်း အသိအမှတ်ပြု ...
Myanmar-Japan SEDA (ယာယီ)

# ရွာမ-သမိုင်းတွင် ၆ လက်မ သဘာဝဓာတ်ငွေ့ ပိုက်လိုင်း ဓာတ်ငွေ့ယိုစိမ့်မှု ပြုပြင်ပြီးစီး

**နေပြည်တော် မေ ၂၅**

မေ ၂၃ ရက်တွင် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်း၏ ရွာမ-သမိုင်း ၆ လက်မ သဘာဝဓာတ်ငွေ့ပိုက်လိုင်းသည် အင်းစိန်မြို့နယ် ဈေးကုန်းအရှေ့ရပ်ကွက်အနီးတွင် သဘာဝဓာတ်ငွေ့ယိုစိမ့်မှုဖြစ်ပေါ်နေကြောင်း သတင်းရရှိ၍ ရွှေပြည်သာဓာတ်ငွေ့ထိန်းဖြန့်စခန်းမှ တာဝန်ခံအင်ဂျင်နီယာ ဦးသိန်းလှိုင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးပြီး ချွတ်ယွင်းမှုရှိသော ပိုက်လိုင်း အရှည်ပေ ၂၀၀ အား အစားထိုးလဲလှယ်ခြင်းနှင့် ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် အဆိုပါပိုက်လိုင်းအား မြေမြှုပ်ခြင်းလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ခဲ့ရာ မေ ၂၄ ရက် ည ၁၁ နာရီခွဲတွင် ပြီးစီးသဖြင့် **(ယာပုံ)** သဘာဝဓာတ်ငွေ့များ ပုံမှန်ပြန်လည်ပို့လွှတ် ဖြန့်ဖြူးပေး လျက်ရှိကြောင်း သတင်း ရရှိသည်။ **(စွမ်းအင်)**





# မန္တလေး၌ နှစ်ရက်ဆက်တိုက် ခြင်ဆေးခွေကြောင့် မီးလောင်မှုဖြစ်ပွား

**မန္တလေး မေ ၂၅**

မန္တလေးမြို့တွင် မေ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် ခြင်ဆေးခွေထွန်းထားရာမှ မီးလောင်ကျွမ်းမှုတစ်ခု ဖြစ်ပွားခဲ့ကြောင်း မီးသတ်ဌာနမှ သိရသည်။

ပထမဖြစ်စဉ်မှာ မေ ၂၃ ရက် မွန်းလွဲ ၁ နာရီ မိနစ် ၅၀ ခန့်တွင် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် အလယ်ရပ် (၈၂)လမ်း (၂၇)လမ်းနှင့် (၂၈)လမ်းကြား ဆင်ဝင်းရပ်ကွက်ရှိ အိမ်ရှင် ဦးတင်ငွေး၏ သွပ်မိုး နံကပ် နှစ်ထပ်အိမ်၌ ပလတ်စတစ်ထိုင်ခုံ ခြောက်လုံးဆင့်ထားသည့်ခုံပေါ်တွင် ခြင်ဆေးခွေထွန်းထားရာမှ မီးလောင်မှု စတင်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။**(ဝဲပုံ)** မီးလောင်မှုကြောင့် ထိုင်ခုံများနှင့် မျက်နှာကြက်နံရံအနည်းငယ် မီးစွဲလောင်ပြီး ရပ်ကွက်နေ ပြည်သူများ၊ မီးသတ်ယာဉ်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက အချိန်မီရောက်ရှိကာ မီးငြိမ်းသတ်နိုင်ခဲ့သဖြင့် အခြားသို့ ကူးစက်လောင်ကျွမ်းမှုမရှိဘဲ မွန်းလွဲ ၂ နာရီ ၁၂ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။

ဒုတိယဖြစ်စဉ်မှာ မေ ၂၄ ရက် နံနက် ၉ နာရီက မန္တလေးမြို့ မဟာအောင်မြေမြို့နယ် မဟာနွယ်စဉ်ရပ်ကွက် (၃၆)လမ်းနှင့် (၃၇) လမ်းကြား (၇၂) လမ်းနှင့် (၇၃)လမ်းကြားရှိ အိမ်ရှင် မဝင်းပပနိုင်သည် ခြင်ဆေးခွေ ထွန်းထားရာမှ ခြင်ထောင်သို့ မီးကူးစက်လောင်ကျွမ်းခြင်းဖြစ်သည်။ မီးစတင်လောင်ကျွမ်းချိန်တွင် ရပ်ကွက်နေပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်နိုင်ခြင်းကြောင့် ခြင်ထောင်တစ်လုံးသာ မီးလောင်ကျွမ်းခဲ့သည်။ မီးလောင်ရာသို့ မီးသတ်ယာဉ် ၁၃ စီး၊ မီးသတ်တပ်ဖွဲ့ဝင် ၁၂၀ ခန့်က အချိန်မီရောက်ရှိခဲ့ကြောင်း သိရသည်။

(ဝဝ၂)




# ကားနှင့်ဆိုင်ကယ်တိုက်၊ နှစ်ဦးသေ

**မြင်းမူ မေ ၂၅**

မေ ၂၄ ရက် ညနေ ၃ နာရီ ၁၀ မိနစ်ခန့်တွင် မြင်းမူမြို့နယ် ဂွေးပင်တောကျေးရွာအနောက် မုံရွာ-မြင်းမူ-မန္တလေး ကားလမ်းမိုင်တိုင်အမှတ်(၅၉/၀)နှင့် (၅၉/၁)အကြား မန္တလေးဘက်မှ ယာဉ်မောင်းငွေဦး မောင်းနှင်လာသည့် ယာဉ်အမှတ် ၃ခ/---- မဟာနွယ် ကားအသင်း လူစီးမှန်လုံယာဉ် အရှေ့ဝဲဘက်ထောင့်နှင့် မုံရွာဘက်မှ သိန်းထိုက်မောင်းနှင်ပြီး နောက်မှ ဦးတင်ညွန့်(၅၆)နှစ် ကျပန်း အမှတ်(၈)ရပ်ကွက် ရေစကြိုမြို့နေသူလိုက်ပါလာသော ဆိုင်ကယ်အမှတ် ၂၉ယ/----WANG Bo 110 အနက်ရောင်ဆိုင်ကယ်တို့ တိုက်မိပြီး**(အောက်ပုံ)** ဆိုင်ကယ်နောက်မှလိုက်သူ ဦးတင်ညွန့်မှာ အခင်းဖြစ်နေရာတွင် ရရှိသော ဒဏ်ရာဖြင့် သေဆုံးသွားပြီး ဆိုင်ကယ်စီးနင်းသူ သိန်းထိုက်မှာ မြင်းမူဆေးရုံအရောက် သေဆုံးသွားခဲ့သည်။ ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ ယာဉ်ကိုမဆင်မခြင်မောင်းနှင်သူ ငွေဦး(၂၁)နှစ် ရပ်သာရပ် ခင်မွန်ရွာနေသူနှင့် သိန်းထိုက်(၂၇)နှစ် အမှတ်(၈)ရပ်ကွက် ရေစကြိုမြို့နေသူတို့အား မြင်းမူရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကိုကိုနိုင်(မြင်းမူ)**

# ငါန်းဇွန်၌ ယာဉ်တိမ်းမှောက်ရာမှ တစ်ဦးသေပြီး ၂၃ ဦးဒဏ်ရာရ

**မန္တလေး မေ ၂၅**

မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် နဝရတ်ရွာအနီး ယာဉ်တိမ်းမှောက်ကြောင်း သတင်းရရှိသဖြင့် မြို့သာရဲစခန်းမှ တပ်ဖွဲ့ဝင်များက အခင်းဖြစ်နေရာသို့သွားရောက်စစ်ဆေးခဲ့သည်။

ဖြစ်စဉ်မှာ မေ ၂၀ ရက် နံနက် ၇ နာရီခန့်တွင် မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် နဝရတ်ရွာအနီး မြို့သာ-မြင်းခြံကားလမ်း မိုင်တိုင်အမှတ် (၄၂၈/၂)နှင့် (၄၂၈/၃)ကြားတွင် မတ္တရာမြို့ အောင်မြေအေးရပ်နေ နိုင်လင်း(၂၄)နှစ် မောင်းနှင်ပြီး လမ်းအလုပ်သမား ၂၄ ဦးအား တင်ဆောင်မောင်းနှင်လာသော ၉၄/---- ဖောကား အပြာရောင်ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်ခဲ့မှုကြောင့် ယာဉ်ပေါ်ပါလာသော ငါန်းဇွန်မြို့နယ် ရွာသစ်ကျေးရွာတွင် နေထိုင်သော ကျော်မျိုး(၂၇)နှစ်မှာ ဝဲဘက်နားသွေးထွက်၊ ဦးခေါင်း၊ မေးစေ့ဖူးရောင်ပေါက်ပြဲဒဏ်ရာများဖြင့် အခင်းဖြစ်နေရာတွင်ပင်သေဆုံးခဲ့ပြီး လမ်းအလုပ်သမားများဖြစ်ကြသော ကျား ၁၂ ဦး၊ မ ၁၁ ဦး စုစုပေါင်း ၂၃ ဦးတို့တွင် ဒဏ်ရာများ ရရှိခဲ့ကြသဖြင့် မြို့နယ်တိုက်နယ်ဆေးရုံသို့ သေဆုံးသူနှင့် ဒဏ်ရာရရှိသူများအား ပို့ဆောင်ပေးပြီး ယာဉ်မောင်း နိုင်လင်းအား မြို့သာရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ဝ၂၃)

**ဥတုရာသီ တောက်ပို့၏**











## ကျေးဇူးဆပ်ပါမည်

၂၅-၅-၂၀၁၃ ရက် (စနေနေ့) နံနက် ၁၁း၃၀ နာရီခန့်တွင် ကျွန်တော် ဦးသိန်းဆောင်(မြေလတ်မင်းလွင်)သည် ၅၁လမ်းရှိ ထိုက်စံစားသောက်ဆိုင်ရှေ့ ဆင်းရာ အငှားယာဉ်ပေါ်တွင် ကြော်ငြာစာရွက်စာတမ်းနှင့် စီဒီချပ်များပါသွားပါသဖြင့် ဖုန်း-၀၉-၅၀၃၀၆၉၆ သို့ ဆက်သွယ်ပေးပါ။ ကျေးဇူးဆပ်ပါမည်။

## ဒေါ်သန်းသန်းငွေ (BA-Myanmar)
## မြန်မာစောင်း၊ ပတ္တလား၊ အတီးသင်တန်း

နိုင်ငံခြားသား ဧည့်သည်များအတွက် မြန်မာ့ရိုးရာအကနှင့် ရုပ်သေးပွဲ၊ စောင်း၊ ပတ္တလား ဖျော်ဖြေမှုများ၊ ဘုန်းဘုန်း ဘွဲ့တံဆိပ်ကပ် အလှူမင်္ဂလာနှင့် မင်္ဂလာဆောင် အခါတော်ပွဲများကို နိုင်ငံကျော်၊ မင်းသမီး တစ်ခိုင်လုံးရွှေ အေးအေးမြင့်နှင့်အတူ မြန်မာ့စောင်းဖြင့် ဖျော်ဖြေပေးပါသည်။
ဖုန်း-၀၁-၅၅၅၂၅၀၊ ၀၉-၃၁၀၄၇၆၂၁၊ ၀၉-၄၃၁၇၉၂၁၁

## ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

အမှတ်(၁၃၈/၁၄၀)၊ ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်တထောင်ဘုရားလမ်းမနှင့် ဗိုလ်တထောင်လမ်းသွယ်(၂)ထောင့်၊ ပေ(၅၈×၅၀)၊ မြေကွက်သီးသန့်အား ပိုင်ရှင်ကိုယ်တိုင်ရောင်းရန်ရှိသည်။
ဆက်သွယ်ရန် ဖုန်း-၀၉-၅၀၂၁၅၃၈၊ ၀၉-၈၃၀၂၆၆၆



# သစ်ခေါက်ဆိပ်ကျေးရွာမြို့ထွက်လမ်း လွှဲပြောင်းပေးအပ်ပွဲကျင်းပ

**ရေစကြို မေ ၂၅**

WFP အဖွဲ့၏ ရိက္ခာထောက်ပံ့မှု OISCA အဖွဲ့၏ကြီးကြပ်မှုနှင့် ကျေးရွာလူထုပူးပေါင်းမှုဖြင့် ဆောင်ရွက်ခဲ့သော ရေစကြိုမြို့နယ် ဝက္ကတော ကျေးရွာအုပ်စု သစ်ခေါက်ဆိပ်ကျေးရွာ မြို့ထွက်လမ်းအား ကျေးရွာလူထုသို့ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို မေ ၂၂ ရက်နံနက်က သစ်ခေါက်ဆိပ်ကျေးရွာ ဓမ္မာရုံ၌ ကျင်းပရာ ရေစကြိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးငွေးဝင်း၊ OISCA သင်တန်းကျောင်း ကျောင်းအုပ်ကြီး Mr.KEISUKE FUJII တို့က အမှာစကားများပြောကြားပြီး ကျောင်းအုပ်ကြီးက ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဇော်မိုးနှင့် လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးဝင်းတို့ထံ လမ်းနှင့် ပတ်သက်သော စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်သည်။

အဆိုပါ သစ်ခေါက်ဆိပ်၊ ဆင်ဖြူရှင် မြို့ထွက်လမ်းမှာ အကျယ် ပေ ၂၀၊ အရှည် ၁ ဒသမ ၅ မိုင်ဖြစ်ပြီး မြေသားဖို့ခြင်း၊ ရေကျော်ပြုလုပ်ခြင်း၊ ရေနုတ်မြောင်းတူးဖော်ခြင်း၊ မြေနိခင်းခြင်းလုပ်ငန်းကို ကျေးရွာရှိ လုပ်သားအင်အား ၁၀၀ ဖြင့် ဆောင်ရွက်ခဲ့ပြီးမေ ၁၅ ရက်တွင် ပြီးစီးခဲ့သည်။ WFP မှ ဆန် ၁၄ ဒသမ ၈၆၆ တန်၊ ကုလားပဲ ၁ ဒသမ ၉၈၂ တန်၊ ဆီ ၁ ဒသမ ၆၆၁ တန်၊ ဆားသုည ဒသမ ၁၆၅ တန်နှင့် မြေနီကျောက်စရစ်ခင်းရန် ငွေကျပ် ၄၃၄၀၀၀ ထောက်ပံ့ခဲ့ကြောင်း သိရှိရသည်။

ယခင်အသုံးပြုခဲ့သော သစ်ခေါက်ဆိပ်၊ အောက်ဟို မြို့တက်လမ်းမှာ နှစ်မိုင်ကျော်ရှည်လျား၍ အဆင်း၊ အတက်များပြီး မကြာခဏ ယာဉ်အန္တရာယ်ကြုံကြရကြောင်းနှင့် WFP - OISCA နှင့် ကျေးရွာလူထု ပူးပေါင်းမှုဖြင့် ဖောက်လုပ်ပြီးစီးသည့် လမ်းမှာ ၁ ဒသမ ၅ မိုင်သာရှိ၍ အဆင်း၊ အတက်မရှိ ရာသီမရွေး အန္တရာယ်ကင်းစွာ သွားလာနိုင်တော့မည်ဖြစ်သဖြင့် ဝက္ကတော၊ သစ်ခေါက်ဆိပ်၊ ပိတ်သင်းကပ်ကျေးရွာများမှ ဒေသခံများ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးတို့အတွက် များစွာအကျိုး ဖြစ်ထွန်းလာတော့မည်ဖြစ်၍ ဒေသခံများမှာ ကျေးဇူးတင်ဝမ်းသာလျက်ရှိကြောင်း သိရသည်။ **(ဖေထွေးဇော်-ရေစကြို)**

# ဝိုင်းမော်မြို့နယ်၌ တောင်သူများထံ ကျွဲ၊ နွားများ လွှဲပြောင်းပေးအပ်

**ဝိုင်းမော် မေ ၂၅**

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်း အစီအစဉ်ဖြင့် ဒေသခံတောင်သူများကို လယ်ယာလုပ်ငန်းခွင်သုံးကျွဲ၊ နွားများအား သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးခြင်းနှင့် လက်ဝယ်အရောက်ပေးအပ်ပွဲကို မေ ၂၁ ရက်နံနက် ၉နာရီက ဝိုင်းမော်မြို့ အမှတ် (၄) ရပ်ကွက် (ဒိုချက်ကင်)သဘာဝ ဓာတ်မြေသြဇာ ထုတ်လုပ်ရေးခြံဝင်း၌ ကျင်းပရာ ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးသန်းအောင်၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးဘီထောဇောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တောင်သူများတက်ရောက်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများ ဆောင်ရွက်ပေးမှုအပေါ် တောင်သူများအား ရှင်းလင်းပြောကြားသည်။

ထို့နောက် ဝိုင်းမော်မြို့နယ်အတွင်း ဖမ်းဆီးရမိသည့်ကျွဲ ၁၃ ကောင်၊ နွား ၁၅ ရှဉ်းတို့ကို ကျွဲတစ်ကောင်လျှင် ငွေကျပ် နှစ်သိန်းနှုန်း၊ နွားတစ်ရှဉ်းလျှင် ငွေကျပ် နှစ်သိန်းငါးထောင်နှုန်းဖြင့် ဝယ်ယူခွင့်ရရှိသည့် တောင်သူ ၂၈ ဦးထံ ပြည်နယ်ဝန်ကြီးချုပ်နှင့် စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးတို့က လက်ဝယ်အရောက် လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**ညွန့်ရွှေ (ပြည်နယ်ပြန်/ဆက်)**

# မြို့သစ်မြို့နယ်၌ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များ ထုတ်ပေး

**မြို့သစ် မေ ၂၅**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်တွင် တောင်သူများထံ လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်ထုတ်ပေးပွဲကို မေ ၂၃ ရက်နံနက် ၉ နာရီခွဲက ညောင်ကိုင်းအုပ်စုနှင့် နဘဲကုန်းအုပ်စုတို့၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်က လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်ပေးရခြင်း၏ ရည်ရွယ်ချက်များကို အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့သည်။ ထို့နောက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်များကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်မြေစာရင်းဦးစီးမှူး ဦးစိုးလှတို့က တောင်သူများထံ ပေးအပ်ခဲ့သည်။

မြို့သစ်မြို့နယ်အတွင်း လယ်ယာမြေလုပ်ပိုင်ခွင့်ပြု တောင်သူ ၂၀၀၀၉ ဦးရှိပြီး သတ်မှတ်ကာလအတွင်း ပြီးစီးအောင် လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်များ ထုတ်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်မြေစာရင်း ဦးစီးမှူး ဦးစိုးလှ၏ ပြောကြားချက်အရ သိရသည်။ **(၅၈၀)**



# ကျောက်ထုတွင် ပေါင်းစည်းလယ်ယာစနစ်ဆောင်ရွက်

**ဂန့်ဂေါ မေ ၂၅**

ဂန့်ဂေါခရိုင် ကျောက်ထုမြို့ဒေသ ပန်းဆန်ကျေးရွာ၌ ပေါင်းစည်းလယ်ယာစနစ် အကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်လျက်ရှိရာ မေ စတုတ္ထပတ်အတွင်း ငါးကန်တူးဖော်ခြင်း လုပ်ငန်းကို ကျောက်ထုမြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကြီးမှူးဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ငါးကန်ကို အလျား ပေ ၆၀၊ အနံ ပေ ၆၀၊ အမြင့် ခြောက်ပေ တူးဖော်မည်ဖြစ်၍ ရေလိုအပ်မှုကို မင်းလယ်တောဆည်မြောင်းမှ သွယ်ယူမည်ဟု သိရသည်။ ငါးကန်ပြီးစီးသွားပါက တီလားဗီးယားငါးများ မွေးမြူသွားမည်ဖြစ်ပြီး ကြက်၊ ဘဲ၊ ဝက်များကိုလည်း မွေးမြူသွားမည်ဟု သိရသည်။ **(၄၆၅)**

# ကသာမြို့၌ သခင်လေး လိုက်ထရပ်ကားလိုင်းဖွင့်

**ကသာ မေ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့ မေ ၂၃ ရက် နံနက် ၇ နာရီခွဲခန့်တွင် "သခင်လေး" လိုက်ထရပ်ကားလိုင်းဖွင့်ပွဲကို ဧရာရွှေလီ အားကစားခန်းမ၌ ဖွင့်လှစ်ခဲ့သည်။

ဖွင့်ပွဲကို ကသာမြို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းထိုက်၊ ကသာခရိုင် ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသိန်းမင်းအေးနှင့် မြို့နယ်ပုဂ္ဂလိက မော်တော်ယာဉ်စနစ်တကျ ပြေးဆွဲရေးကော်မတီဥက္ကဋ္ဌ ဦးငြိမ်းဆောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။**(အပေါ်ယာပုံ)**

"သခင်လေး" လိုက်ထရပ်ကားလိုင်းသည် ကသာ-နဘား၊ ကသာ-အင်းတော်၊ ကသာ-ချောင်းဝရွာ၊ ကသာ-မိုးတားကြီးရွာ၊ ကသာ-မိုးတားလေးရွာများသို့ ပြေးဆွဲမည်ဖြစ်ကြောင်း၊ ခရီးသည်များ၏ လိုအပ်ချက်ကို တတ်နိုင်သမျှ ဖြည့်ဆည်းပေးရန် ရည်ရွယ်ချက်ဖြင့် ကားလိုင်းကို ဖွင့်လှစ်ခဲ့ရခြင်းဖြစ်ကြောင်း၊ "သခင်လေး" ကားအသင်းဥက္ကဋ္ဌ ဦးမြင့်လွင် (ခ) ဦးရွှေလုံးနှင့် အတွင်းရေးမှူး ဦးစိုးသန်းထိုက်တို့က ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ ဖွင့်ပွဲအခမ်းအနားသို့ ပုဂ္ဂလိက ယာဉ်လိုင်းပေါင်းစုံမှ ယာဉ်ပိုင်ရှင်များ၊ ကချင်တိုင်းရင်းသူလေးများ၊ ရှမ်းတိုင်းရင်းသူလေးများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(အေးလွင်-ကသာ)**



# သီးနှံဖြစ်ထွန်းပြီး ဈေးကောင်းရ၍ တောင်သူများ ရွှေဝယ်ယူမှုများလာ

**မုံရွာ မေ ၂၅**

သီးနှံဖြစ်ထွန်း အောင်မြင်ကာ ဈေးကောင်းရလျက်ရှိသော သီးနှံစိုက်တောင်သူများအနေဖြင့် ကျဈေးဘက်ယိမ်းနေသော ရွှေဝယ်ယူစုဆောင်းမှုကို မဟာစင်မုန်တိုင်းကာလကျော်လွန်အပြီး မုန်တိုင်းကင်းစင်၍ အန္တရာယ်ကင်းဘေးရှင်းသည့်အချိန်တွင် ပြုလုပ်ဝယ်ယူလာကြကြောင်း မုံရွာအရှေ့လက်ကျေးရွာဒေသခံများ၏ပြောပြချက်အရ သိရသည်။

"ဒီနှစ် ခရမ်းချဉ်ကို တော်တော်ရလိုက်တော့ အခုချိန်ဈေးကလည်း ကောင်းနေတယ်ဆိုတော့ ရောင်းရသမျှ ငွေတော်တော်စုမိပါတယ်၊ အခုချိန်က ရွှေဈေးကလည်း ကျတယ်ဆိုတော့ ဝယ်ကျတဲ့သူတွေ များပါတယ်၊ ရွှေဝယ်နိုင်ဖို့ဆိုတာကလည်း သီးနှံအထွက်အားက ကောင်း၊ ဈေးကလည်းရပြီး ရာသီဥတုကလည်း ကောင်းကာ အစစအရာရာ အကျိုးအကြောင်း ညီညွတ်ပါမှ ဝယ်ဖြစ်ကြတာပါ၊ လွယ်လွယ်နဲ့တော့ မရဘူးပေါ့"ဟု မုံရွာသို့ ရွှေဝယ်လာသူ ကျေးလက်ဒေသခံတစ်ဦးက ပြောပြသည်။

"ကျွန်မတို့ကတော့ အထွက်နှုန်းကောင်း၊ ဈေးနှုန်းကောင်းရပြီး ငွေစုမိရင်ဝယ်နိုင်သလောက် ရွှေကိုဝယ်ထား ဖြစ်ကြပါတယ်၊ တက်ရင်လည်းတက်ဈေး၊ ကျရင်လည်းကျဈေးပေါ့၊ ဒါပေမယ့် ကျဈေးနဲ့တော့ ဘယ်သူမဆို ဝယ်ချင်ကျတာ ဓမ္မတာပဲလေ၊ များသောအားဖြင့် အဖတ်တင်အောင် ဈေးတက်တက်ကျကျ လက်ထဲ အဆင်ပြေရင် ဝယ်ထားဖြစ်တာများပါတယ်"ဟု ဒေသခံကျေးလက်ပြည်သူများက ပြောပြသည်။

**(မျိုးဝင်းထွန်း -မုံရွာ)**

**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ် ၁ယ/၂၆၇၄၅၊ အမျိုးအမည် Yamaha DT 125R၊ အမျိုးအစား MC၊ မော်တော်ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းမောင် မှတ်ပုံတင်အမှတ်[၁၃/မဆတ(နိုင်)၀၃၂၉၇၅]မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြေညာပါသည့်နေ့မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မူဆယ်)**

**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ် ၅က/၉၄၃၃၊ တိုယိုတာဒိုင်နာ BU85၊ လိုက်ထရပ်(4x2)®၊ ယာဉ်လက်ဝယ်ရှိသူအမည် ဦးမျိုးမြင့်အောင် မှတ်ပုံတင်အမှတ်[၉/မရမ(နိုင်)၀၀၀၅၈၄]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ(၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

# အိမ်ရိုက်သံခုနစ်ချောင်းနှင့် ဝါယာကြိုးများ မျိုချထားသူအား ဖျားဆေးရုံ၌ ခွဲစိတ်ကုသ





**ဖျား မေ ၂၅**

ပဲခူးတိုင်းဒေသကြီး ဖျားမြို့နယ် ဖျားမြို့ ပြည်သူ့ဆေးရုံတွင် အိမ်ရိုက်သံဟောင်း ခုနစ်ချောင်းမျိုချသဖြင့် ဖျားဆေးရုံ၌ အရေးအပေါ်ခွဲစိတ်၍ အိမ်ရိုက်သံခုနစ်ချောင်းအား အူမကြီးထဲမှ ဖယ်ထုတ်ပြီး အသက်ကယ်ပေးခဲ့ရကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၂၂ ရက် နံနက်က ဖျားမြို့နယ် ဖျားအရှေ့ဘက် ဝဲကြီးကျေးရွာအုပ်စု ဝဲကြီးတောင်ကမ်းရွာနေ မောင်ရန်နိုင်ထွန်း (၃၅) နှစ် (လယ်လုပ်)မှာ စိတ်ရောဂါအခံအနည်းငယ်ရှိပြီး ယင်းနေ့နံနက်က မခံနိုင်အောင် ဝမ်းဗိုက်အောင့်နေသဖြင့် မိဘများက နံနက် ၇ နာရီ ၄၅ မိနစ်တွင် ဖျားမြို့ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့သည်။

မောင်ရန်နိုင်ထွန်းမှာ စိတ်ရောဂါရှိသူဖြစ်၍ အိမ်သားများနှင့်ပတ်ဝန်းကျင်မှ လူများမသိခင် အိမ်ရိုက်သံခုနစ်ချောင်း မျိုချထားသည်ကို အသိပေးပြောကြားခြင်းမရှိဘဲ ဗိုက်အောင့်သည်ကိုသာပြောနေသဖြင့် ဖျားဆေးရုံအုပ်ကြီးနှင့် တိုင်ပင်၍အရေးပေါ်ဌာနမှ ခွဲစိတ်အထူးကုဆရာဝန်ကြီး ဒေါက်တာ ဒေါ်သက်သက်မော်က စမ်းသပ်စစ်ဆေးရာ အူအတက်နေရာအနီးတွင် အလုံးအဖုသေးတစ်ခုကို စမ်းသပ်တွေ့ရှိသဖြင့် ချက်ချင်းပင် အရေးပေါ်ခွဲစိတ်ရာ အူအတက်နှင့်ကပ်လျက်အူမကြီးအတွင်းမှ အိမ်ရိုက်သံဟောင်းလေးလက်မနှစ်ချောင်း၊ နှစ်လက်မခွဲသံ လေးချောင်း၊ နှစ်လက်မသံတစ်ချောင်းနှင့် နှစ်လက်မခန့်ရှိ ဝါယာကြိုးမျှင်တစ်ခုတို့ကို တွေ့ရှိ၍ ဖယ်ထုတ်ကုသခဲ့ရပြီး ရန်နိုင်ထွန်း၏ အသက်ကို ကယ်တင်ပေးနိုင်ခဲ့သည်။ ၎င်းအိမ်ရိုက်သံများအား ခွဲစိတ်ဖယ်ထုတ်ပြီး မောင်ရန်နိုင်ထွန်းမှာ ဖျားဆေးရုံတွင် အတွင်းလူနာအဖြစ် ဆေးကုမှုခံယူနေရကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(ဖျားမြင့်ဦး)**

**မီးမလောင်ခင် သတိယုဉ် ကြိုတင်ကာကွယ်ပါ**

# မဟာရန်ကုန်မြို့ပြဖွံ့ဖြိုးရေးမဟာဗျူဟာစီမံကိန်း၏ မြို့ပြသယ်ယူပို့ဆောင်ရေးနှင့် လမ်းကွန်ရက်

**သတင်း- ကိုသက်(ဗိုလ်တထောင်)**
**ဓာတ်ပုံ- ခင်မောင်ဝင်း(ကြေးမုံ)**

မြို့ပြဖွံ့ဖြိုးရေးဆိုင်ရာ မဟာဗျူဟာအနေဖြင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးတွင် ကဏ္ဍကိုးခုအဖြစ် ပါဝင်သည်။ ၎င်းတို့မှာ မြို့ပြသယ်ယူပို့ဆောင်ရေး၊ လမ်းကွန်ရက်၊ ရထားပို့ဆောင်ရေး၊ ဆိပ်ကမ်းနှင့် ကုန်စည်ပို့ဆောင်ရေး၊ ရေပေးဝေရေး၊ မိလ္လာနှင့် ရေစီးရေလာ၊ လျှပ်စစ်ဖြန့်ဖြူးရေး၊ အမှိုက်စွန့်ပစ်ခြင်းဆိုင်ရာ စီမံခန့်ခွဲရေး၊ ဆက်သွယ်ရေး စသည်တို့ပါဝင်သည်။

မြို့ပြသယ်ယူပို့ဆောင်ရေးစနစ်နှင့် ပတ်သက်၍ ဘတ်စ်ကား၊ ရထား၊ ရေကြောင်းပို့ဆောင်ရေး စသည့် အများပြည်သူ သယ်ယူပို့ဆောင်ရေးကွန်ရက်အား တိုးတက်ကောင်းမွန်စေရန် ဆောင်ရွက်မည်ဖြစ်ပြီး ၃၉ မြို့နယ်အတွင်းရှိ အိမ်ထောင်စုဝင်များအား မေးမြန်းလေ့လာဆန်းစစ်ချက်အရ ၇၁ ဒသမ ၅ ရာခိုင်နှုန်းသည် ကားလမ်းကွန်ရက်အား တိုးတက်ကောင်းမွန်စေရန် ဆန္ဒပြုကြသည်။

လမ်းကွန်ရက်ပိုင်းတွင် အနာဂတ်၌ အများပြည်သူ သယ်ယူပို့ဆောင်ရေးစနစ်နှင့် မြို့ပြဖွံ့ဖြိုးမှုပုံသဏ္ဌာန်များ ဖြစ်ထွန်းလာစေရန် **စာမျက်နှာ ၉ ကော်လံ ၁ သို့●**



ယခုလက်ရှိ ရန်ကုန်မြို့၌ သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ဆောင်နေသည့် မော်တော်ယာဉ်များကို တွေ့ရစဉ်။

# ယာဉ်ထိန်းရဲတပ်ဖွဲ့တွင် ရဲပြိုင်ကား ထားရှိသွားမည်

**ရန်ကုန် မေ ၂၅**

ရန်ကုန်တိုင်းဒေသကြီး ယာဉ်ထိန်းရဲတပ်ဖွဲ့တွင် ပြိုင်ကားအမျိုးအစားအား ယာဉ်ထိန်းရဲကားအဖြစ် ပထမဦးဆုံး ထားရှိသွားမည်ဖြစ်ကြောင်း (၅၂)လမ်း ယာဉ်ထိန်းရဲတပ်ဖွဲ့မှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ယာဉ်ထိန်းရဲတပ်ဖွဲ့တွင် နာမည်ကျော်လူကြိုက်များသည့် NISSAN Fair Lady ကားအား ဂျပန်နိုင်ငံမှ မေလအတွင်းက လှူဒါန်းခဲ့ပြီး အဆိုပါကားအား ယာဉ်ထိန်းရဲကားအဖြစ် ထားရှိသွားမည်ဖြစ်သည်။**(အောက်ပုံ)**

NISSAN Fair Lady ပြိုင်ကားအား ရန်ကုန်မြို့တွင်း ညဘက်အရှိန်ပြင်းမောင်းနှင်သော ပြိုင်ကားများနှင့် စည်းကမ်းဖောက်ဖျက်တိမ်းရှောင်ယာဉ်များအား လိုက်လံဖမ်းဆီးရန်နှင့် အရေးကြီးပုဂ္ဂိုလ်များ၏ ရှေ့ပြေးယာဉ်အဖြစ် မောင်းနှင်သွားမည်ဖြစ်ကြောင်း နေပြည်တော်ရှိ ယာဉ်ထိန်းရဲဌာန ရဲမှူးကြီးကျော်ထွေးထံမှ သိရသည်။

**(ကိုအောင်-သဃ်န်းကျွန်း)**





ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်၌ လုံးချင်းတိုက်ဖြိုချရာမှ ပြိုကျမှုဖြစ်ပွားစဉ်။

# ဖြိုချနေသော လုံးချင်းတိုက်ပြိုကျရာမှ သုံးဦးသေဆုံး

**ရန်ကုန် မေ ၂၅**

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ရှင်စောပုလမ်း၊ ဗဟိုလမ်းနှင့် ရှင်စောပုလမ်းထောင့် ခြံအမှတ် (၁)ရှိ လုံးချင်းတိုက်ဖြိုချနေစဉ် ရုတ်တရက်ပြိုကျမှုဖြစ်ပွားပြီး သုံးဦးသေဆုံးသွားသောဖြစ်စဉ်တစ်ခု မေ ၂၅ ရက် နံနက် ၉ နာရီ ၁၀ မိနစ်ခန့်က ဖြစ်ပွားခဲ့သည်။

အဆိုပါ လုံးချင်းတိုက်တွင်ရှိသော တိုက်၏လက်ဝဲခြမ်းမှ လက်ရန်းများကို သံဖြတ်လွှဖြင့် ဖြတ်တောက်နေစဉ်အတွင်း ရုတ်တရက်ပြိုကျခြင်းကြောင့် ယင်းနေရာတွင် လုပ်ကိုင်နေသည့် အလုပ်သမားလေးဦး တစ်ပြိုင်တည်း ပြုတ်ကျခဲ့ပြီး ၎င်းတို့အနက် တစ်ဦးမှာလွင့်စဉ်ကျသွား၍ အနီးရှိသစ်ပုံနှင့် ထိခိုက်ကာနေရာတွင်ပင် သေဆုံးသွားခဲ့ကြောင်း၊ ကျန်သုံးဦးကို ဆေးရုံသို့ ပို့ဆောင်ရာတွင် နှစ်ဦးထပ်မံသေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ဘယ်ဘက်ခြမ်းက လက်ရန်းကို သံဖြတ်လွှနဲ့ဖြတ်နေရင်း ဖြစ်သွားရတာပါ။ ကျသွားတာတော့ လေးယောက်စလုံးကျသွားတာ။ တစ်ယောက်ကတော့ သစ်ပုံနဲ့ဆောင့်မိပြီး အသက်မရှိတော့ဘူး၊ **စာမျက်နှာ ၉ ကော်လံ ၇ သို့✳**

## ကြော်ငြာစာမျက်နှာ အပိုပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ကြော်ငြာစာမျက်နှာ (က၊ ခ၊ ဂ၊ ဃ)လေးမျက်နှာ ပါရှိပါသည်။

# အမြန်လမ်းမကြီးတွင် ခရီးသည်တင်ယာဉ်အရှိန်လွန်တိမ်းမှောက် ယာဉ်ပေါ်ပါသူ ၁၁ ဦးသေဆုံးပြီး ၁၆ ဦးဒဏ်ရာရ

**ဖြူး မေ ၂၅**

ရန်ကုန်-နေပြည်တော် အမြန်လမ်းမကြီးဖွင့်လှစ်ခဲ့ပြီးသည့်နောက် လူအများဆုံးသေဆုံးဒဏ်ရာ ရရှိသည့် ယာဉ်မတော်တဆမှုတစ်ခု မေ ၂၅ ရက် နံနက် ၆ နာရီခွဲခန့်တွင် ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ခရီးသည် တင်ယာဉ်သည် ရှေ့ဘီးပေါက်ကာ ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ဇောဓိကုန်းအမြန်လမ်းရဲ စခန်းအပိုင် မိုင်တိုင်အမှတ်(၁၂၅/၃) နှင့်(၁၂၅/၄) အကြားရှိ ကိုးဂွ ချောင်းတံတား အမှတ်(၁၂၆/၁)ကို ကာရံထားသည့် တန်းအားတိုက်၍ အရှိန်လွန်ပြီး ချောင်းအတွင်းသို့ ထိုးကျတိမ်းမှောက်ခဲ့သည်။ **(ယာပုံ)** ယာဉ်ပေါ်ပါသူ ရဟန်းတစ်ပါး အပါအဝင်အမျိုးသား ခြောက်ဦး၊ အမျိုးသမီး ငါးဦး သေဆုံးပြီး အမေရိကန်နိုင်ငံသား တစ်ဦးအပါအဝင် အမျိုးသား ၁၁ ဦး၊ အမျိုးသမီး ငါးဦး ဒဏ်ရာများဖြင့် (စိုးရိမ်ရ) ဖြူးမြို့နယ် ပြည်သူ့ဆေးရုံသို့ အရေးပေါ်တင်ပို့ပေးခဲ့ရကြောင်း သိရသည်။

ယာဉ်မောင်းဦးမြင့်ဝေ (၄၅)နှစ် ရန်ကုန်မြို့နေသူ မောင်းနှင် သည့် ခရီးသည်တင်ယာဉ်အမှတ် ၆ဃ/----သည် သတ်မှတ်မိုင်နှုန်း ထက်ပို မောင်းနှင်ပြီး အခင်းဖြစ်နေရာ အရောက် ဟောင်းနွမ်းနေသော ရှေ့တာယာဘီး ပွင့်ထွက်ရာမှ အရှိန်မထိန်းနိုင်ဘဲ ကိုးဂွချောင်းတံတား၏ အရှေ့ဘက်ခြမ်း ကွန်ကရစ်လက်ရန်းများကို တိုက်မိပြီး ကိုးဂွချောင်းအတွင်းသို့ ထိုးကျတိမ်းမှောက်သွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ဒီခရီးသည်တင်ကားက ကျွန်တော့် ကားကိုကျော်တက်သွားတာ သတ်မှတ်ကီလိုမီတာထက် ကျော်လိမ့်မယ်။ သူတို့ယှဉ်မောင်းတာ နှစ်စီး၊ ဒီကားတစ်ခုခုဖြစ်တော့မယ်လို့ တွက်ထားတာ။ ၁၁၅ မိုင်မှာ ခဏနားပြီး ပြန်ထွက်လာတော့ **စာမျက်နှာ ၈ ကော်လံ ၁ သို့◆**



